# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၂)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## အသိပေးကြေညာချက်

၁၁-၇-၂၀၂၁

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် Covid-19 ရောဂါကာကွယ်ကုသမှု လုပ်ငန်းစဉ်များအား အထောက်အကူဖြစ်စေရန်အတွက် ဆေးဝါးနှင့် ဆက်စပ်စက်ပစ္စည်းများ တင်သွင်းခြင်း လုပ်ငန်းစဉ်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ပင်လယ်ရေကြောင်း/ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ လတ်တလော Covid-19 ကုသရေးတွင် လိုအပ်နေသည့် Oxygen Concentrator များ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်သည့်အပြင် အကောက်ခွန် ၃% အတွက် လက်ငင်းပေးဆောင်ရန်မလိုဘဲ ကြိုတင်ထုတ်ယူနိုင်ရန် ဖြေလျှော့ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မသမာသူအချို့မှ ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းမှုအား ပိတ်ပင်သည့် ရုံးစာအတုပြုလုပ်၍ ဈေးကွက်တွင်ဈေးနှုန်းများ ကြီးမြင့်လာစေရန်နှင့် ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် Social Media တွင် ရေးသားဖော်ပြလာခြင်းအား စိစစ်တွေ့ရှိရပါသည်။

၄။ အဆိုပါ ရုံးစာသည် Fake News(အတု)သာဖြစ်ပြီး သတင်းအချက်အလက်အတုအပ ပြုလုပ်ဖြန့်ဝေသူများအား ဖော်ထုတ်ပြီး တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်လိုအပ်သည့် ဆေးဝါးနှင့် ဆက်စပ်စက်ပစ္စည်းများ တင်သွင်းမှုအား ဖြေလျှော့၍ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြင့် အသိပေး တင်ပြအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


**တာချီလိတ်မြို့၌ ကိုဗစ်-၁၉ လူနာ တစ်ထောင်အတွက် နေရာချထားနိုင်ရေး ကြိုတင်ပြင်ဆင်**

ပြည်တွင်းသတင်း စာ ၄

**လွမ်းဆွတ်တမ်းတနေရသော ဗိုလ်ချုပ်၏ အရည်အချင်းများ**

ဆောင်းပါး စာ ၆






**ဂျပန်နိုင်ငံ၌ ဇူလိုင်လကုန်ပိုင်းတွင် သက်ကြီးရွယ်အို ၇၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးပေးနိုင်တော့မည်**

နိုင်ငံတကာသတင်း စာ ၁၃


# ရန်ကုန်မြို့မှ ထွက်ခွာသော မြန်မာ့မီးရထားခရီးစဉ်များ ရပ်နားခြင်းမရှိဘဲ ပုံမှန်ပြေးဆွဲပေးနေ

ရန်ကုန် ဇူလိုင် ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် လတ်တလောဖြစ်ပေါ် နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း၌ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ရည်ရွယ်၍ ရန်ကုန်မြို့မှ ထွက်ခွာနေသော မြန်မာ့မီးရထား ခရီးစဉ်များကို ရပ်နားခြင်းမရှိဘဲ ယခင်မူလအတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ပုံမှန်ပြန်လည်ပြေးဆွဲ**

"ဒီကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလအတွင်းမှာ ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ခရီးသွားပြည်သူတွေအဆင်ပြေစေဖို့ ရည်ရွယ်ပြီးတော့ ရန်ကုန်ဘူတာကြီးမှ ရထားတွေကို ယခင်ခရီးအတိုင်း ရပ်နားခြင်းမရှိဘဲ ပုံမှန်ပြေးဆွဲပေးနေပါတယ်။ ရန်ကုန်ဘူတာကြီးမှ ပြေးဆွဲပေးတဲ့ ရထားခရီးစဉ်တွေနဲ့ပတ်သက်ပြီး ဒီကာလမှာ ပြောင်းလဲမှုလုပ်ထားတာ မရှိပါဘူး။ တချို့ရထားခရီးစဉ်တွေကို ရက်ခြားလေးတွေ ပြောင်းလဲပြေးဆွဲပေးတာတော့ ရှိပါတယ်။ ဒါကလည်း လိုက်ပါတဲ့ ခရီးသည်တွေရဲ့ အခြေအနေပေါ်မူတည်ပြီး *စာမျက်နှာ ၄ ကော်လံ ၁* ✻




မြန်မာ့မီးရထားမှ ပြေးဆွဲပေးလျက်ရှိသော ရထားတစ်စင်းကို ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။

## မသမာသူတို့၏ မကောင်းသောအကြံနှင့် သတင်းအတုများ ပပျောက်ရေး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများ တင်သွင်းခွင့်ရပ်ဆိုင်းခြင်းဟူသော ရုံးစာတစ်စောင် ဖေ့စ်ဘုတ်တွင် ပျံ့နှံ့နေခြင်းနှင့်အတူ ပြည်သူ လူထုအတွင်း၌လည်း စိုးရိမ်ထိတ်လန့်မှုနှင့် မကျေနပ်မှုများ ဖြစ်ပေါ်လာကြသည်။ ၎င်းစာအရ နှာခေါင်းစည်း၊ လက်အိတ်၊ PPE ဝတ်စုံ၊ အောက်ဆီဂျင်ဘူး၊ အောက်ဆီဂျင်စက် စသည်တို့ကို တင်သွင်းခွင့်ရပ်ဆိုင်းရန် ဟူ၍ ပါရှိရာ ကိုဗစ်-၁၉ တတိယလှိုင်း အရှိန်မြင့်တက်လာချိန်ဖြစ်သည့်အလျောက် ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုတို့ ဖြစ်လာရခြင်းဖြစ်သည်။ သို့ရာတွင် ဖေ့စ်ဘုတ်ပေါ်မှ အဆိုပါ ရုံးစာသည် အတုသာဖြစ်ပြီး ပြည်သူလူထုကို သတင်းအမှားပေးကာ ဆေးနှင့် ဆေးပစ္စည်းများ ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာရေးနှင့်တစ်ပြိုင်တည်းမှာပင် နိုင်ငံရေးအမြတ် ထုတ်ရန်ကိုပါ ရည်ရွယ်သည့် ယုတ်ညံ့သော လုပ်ရပ်တစ်ခုပင် ဖြစ်သည်။

မျိုးဗီဇပြောင်းဒယ်လ်တာ ကိုဗစ်-၁၉ ရောဂါပိုးကြောင့် ခတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု၊ ရောဂါပြင်းထန်၍ ဆေးရုံသို့ တင်ပို့မှုနှင့် သေဆုံးမှုရာခိုင်နှုန်းတို့ ရုတ်တရက်မြင့်တက်လာချိန်တွင် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူမှုမှာလည်း ပုံမှန်ထက် မြင့်တက်သွားခဲ့ရာ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုနှင့် ဈေးနှုန်းနှစ်ဆ၊ သုံးဆ၊ လေးဆခန့်အထိ ခုန်တက်သွားသည့် အခြေအနေများလည်း ဖြစ်ပေါ်လာသည်ကို ယခုရက်ပိုင်းအတွင်း တွေ့ရသည်။ တစ်ဖက်တွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တစ်ဖက်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြု၍ ကုန်သွယ်မှု ယာယီရပ်ဆိုင်းခဲ့သော်လည်း ဆေးနှင့် ဆေးပစ္စည်း ကုန်သွယ်မှုကိုမူ ဆက်လက်ခွင့်ပြုခဲ့ရာ ယင်းအခြေအနေအပေါ်တွင် နားလည်မှုလွဲခဲ့သည့်အခြေအနေအချို့ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရှိရသည်။

အဖြစ်မှန်အနေဖြင့်မူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများ၊ ဆက်စပ်သည့် စက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် စီးပွား/ကူးသန်းဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးလျက်ရှိသည်။ ထို့အပြင် ကိုဗစ်-၁၉ လူနာများကို ကုသရာတွင် လိုအပ်သည့် Oxygen Concentrator များ တင်သွင်းရာတွင်လည်း FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုအပ်တော့သလို အကောက်ခွန် ၃ ရာခိုင်နှုန်းကိုလည်း လက်ငင်းပေးရန် မလိုတော့ဘဲ ကြိုတင်ထုတ်ယူနိုင်ရန် ဖြေလျှော့ခွင့်ပြုပေးထားခဲ့ပြီးဖြစ်ရာ ဆေးနှင့်ဆေးကိရိယာပစ္စည်းများ တင်သွင်းခွင့် ရပ်ဆိုင်းသည့် ရုံးစာအတုအပေါ် ယုံကြည်မှုနှင့် စိုးရိမ်ထိတ်လန့်မှုတို့မှာ စင်စစ်အားဖြင့် လူမှုကွန်ရက်ပေါ်တွင် တွေ့သမျှအပေါ်ချင့်ချိန်စိစစ်မှု အားနည်းခြင်းကို ပြဆိုနေခြင်းပင် ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်နေချိန်တွင် ပြည်သူလူထုအတွင်း စိုးရိမ်မှုများ မြင့်မားလျက်ရှိရာ ယင်းအခြေအနေကို အခွင့်ကောင်းယူကာ ကောလာဟလများ၊ သတင်းတုသတင်းယောင်များ၊ သတင်းအမှားများ ထုတ်လွှင့်ပြီး မီးလောင်ရာ လေပင့်ပြုလုပ်မှုများအပေါ် သက်ဆိုင်ရာတို့က အချိန်နှင့်တစ်ပြေးညီ လျင်လျင်မြန်မြန် ဖြေရှင်းမှု၊ သတင်းအမှန်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းရိုက်ခတ်မှုသည် မျိုးဗီဇပြောင်း ဗိုင်းရပ်စ်မျိုးကွဲများ ပေါ်ပေါက်လာခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီး၌ပါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိသည်။ ရောဂါတားဆီးကာကွယ်ရေးနှင့် ကုသရေးတို့တွင် တစ်ဦးကောင်း တစ်ယောက်ကောင်း၊ တစ်ကိုယ်ကောင်းဆောင်ရွက်၍ မရဘဲ အများအကျိုးအတွက် အများက ဝိုင်းဝန်းဆောင်ရွက်ကြကာ ကိုယ့်အကျိုးလည်း တစ်ပါတည်း ပြည့်စုံကြရခြင်းဖြစ်သည်။ ကပ်ရောဂါ ကာလဖြစ်သည့်အတွက် ကူးစက်ပျံ့နှံ့မှုနှုန်း မြင့်တက်ပြီး နေ့ရောညပါ ကုသမှုများကို ကြိုးပမ်းဆောင်ရွက်ကြရသလို အခြေအနေအရပ်ရပ်အပေါ် နေ့စဉ် သတင်းထုတ်ပြန်မှုများကို သက်ဆိုင်ရာတို့က ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ မသမာသူတို့၏ မကောင်းသောရည်ရွယ်ချက်နှင့် လုပ်ကြံထုတ်လွှင့်သည့် သတင်းအတု၊ သတင်းအမှားများ ပါးလျားပျောက်ကွယ်သွားမည်သာ ဖြစ်ပါကြောင်း။ ။

# ၁၃၈၃ (၂၀၂၁) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၃ (၂၀၂၁) ခုနှစ်အတွက် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ (၄၉၅၅) ဦးအနက် (၁၃၃၆)ဦး အောင်မြင်၍ (၂၆. ၉၆) ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ (၅၆၅၃) ဦးအနက် (၁၃၇၅) ဦးအောင်မြင်၍ (၂၄.၃၂) ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ (၇၃၃၀) ဦးအနက် (၁၅၆၇) ဦးအောင်မြင်၍ (၂၁. ၃၈) ရာခိုင်နှုန်း၊ အခြေပြု မူလတန်းတွင် ဖြေဆိုသူ (၁၁၇၃၆) ဦးအနက် (၇၁၂၃) အောင်မြင်၍ (၆၀. ၆၉) ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၃ (၂၀၂၁) ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြပါသည်။

### ပထမကြီးတန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ(ပထမကျော်) | စက/၁၇၇ | ရှင်အဂ္ဂါနန္ဒာလင်္ကာရ | မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။ |
| ၂။ | ဒုတိယ | စိန်/၂ | ဦးအာစိဏ္ဏာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | တတိယ | ကူ/၂၀ | ရှင်ပဏ္ဍိစ္စ | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။ |
| ၄။ | သီလရှင် ပထမ | ပသက/၅၅ | မဓမ္မစာရီသုဘဒ္ဒါလင်္ကာရ | ချမ်းမြရုံသီ သီလရှင်ကျောင်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |

### ပထမလတ်တန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | ညတ/၁၁ | ရှင်ကုန္တဉာဏ | တောင်ညိုကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | စိန်/၁ | ဦးဉာဏဝရာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | တတိယ | တွင်း/၁၄ | ရှင်သုနန္ဒ | ရွှေမော်ခေါကျောင်း၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | မလ/၁၂ | မသေုဝတီ | ရွှေကျောင်း၊ မလှိုင်မြို့။ |

### ပထမငယ်တန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စိန်/၁ | ရှင်ကောလိယ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | ဒုတိယ | ထုံ/၁၄ | အရှင်နန္ဒဝံသ | ရွှေညောင်ပင်စာသင်တိုက်၊ သထုံမြို့။ |
| ၃။ | တတိယ | စက/၂၇၀ | ရှင်တေဇောဘာသ | မဟာသုဗောဓာရုံကျောင်း၊ စစ်ကိုင်းမြို့။ |
| ၄။ | သီလရှင် ပထမ | ရေနံ/၁၂ | မသုမာလာ | သဘာဝပရိယတ္တိကျောင်း၊ ရေနံချောင်းမြို့။ |

### အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | ထုံ/၂ | အရှင်ဉာဏိန္ဒ | ဘုရားလေးစာသင်ကျောင်းတိုက်၊ သထုံမြို့။ |
| ၂။ | ဒုတိယ | လွင်/၂၈၀ | ရှင်ဝိမလဉာဏ | ဖားအောက်တောရရိပ်သာ၊ ပြင်ဦးလွင်မြို့။ |
| ၃။ | တတိယ | ဟ/၂၅ | ရှင်ဝါသေဋ္ဌ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့။ |
| ၄။ | သီလရှင် ပထမ | စက/၅၇၀ | မခေမိကာ | သီရိရွှေဝါချောင်၊ စစ်ကိုင်းမြို့။ |

၁၃၈၃ (၂၀၂၁) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana. org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora.gov. mm နှင့် သာသနာရေးဦးစီးဌာန Website www. dra. org. mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**


## ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၁**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်



နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိလျှင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်သည်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ရေပေးရေးစီမံကိန်း လုပ်ငန်းစတင်ခြင်း မြေသန့်မင်္ဂလာနှင့် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာန ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ရေပေးရေးစီမံကိန်းလုပ်ငန်း



စတင်ခြင်း မြေသန့်မင်္ဂလာနှင့် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စီမံကိန်းတည်ရှိရာ ပြည်ကြီးတံခွန်မြို့နယ် (ဆဆ-၃၆) ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ၁၂၇ လမ်းနှင့် ၁၂၈ လမ်းကြားရှိ ပြည်ကြီးမန္တလာပန်းခြံအနီး ဘောလုံးကွင်းအတွင်း မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ပြင်ဦးလွင်မြို့ အောင်ချမ်းသာရပ် ဝိပဿနာတရားဓမ္မ ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒ အမှူးပြုသော ဆရာတော် ငါးပါးတို့က ပရိတ်ကမ္မဝါစာများ ရွတ်ဖတ်ပူဇော်၍ မြေသန့်မင်္ဂလာ ပြုလုပ်ပေးတော်မူကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် စီမံကိန်း၏ (ပေ ၂၀၀ x ပေ ၁၀၀) ရေကြမ်းစုကန် တူးဖော်ခြင်း မင်္ဂလာကို သတ်မှတ်နေရာအသီးသီး၌ စက်ယန္တရားများဖြင့် စတင်ဆောင်ရွက်ခဲ့ကြပြီး မြို့တော်ဝန်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြသည်။ (ဓာတ်ပုံ)

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ၆၁ လမ်းနှင့် အမှတ် (၆) ရေဆိုးပစ်မြောင်း ဆုံရာနေရာတွင် ပိုက်လိုင်းဆက်သွယ်ဆောင်ရွက်ရန်နေရာနှင့် အမရပူရမြို့နယ် တမုတ်ဆိုးရေမြောင်း ရေစီးရေလာ အခြေအနေတို့ကို လည်းကောင်း၊ အမရပူရမြို့နယ် ရွှေခဲရေဆိုးထုတ်စက်ရုံအနီး၊ ပိုးရေစွန့်ထုတ်စီမံကိန်းရှေ့ ကမ်းနားလမ်း တာရိုးကို ယခင်နှစ်က တာရိုးကျိုးပေါက်မှု ဖြစ်ပေါ်မှု Sheet Pile များ ရိုက်သွင်း၍ ရေထိန်းနံရံပြုလုပ် ဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကျဉ်းဦးစီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီ နယ်မြေ နေပြည်တော် အချုပ်ထောင် မြေနေရာ၌ ကျင်းပသည်။

မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး (ယာပုံ) တက်ရောက်လာကြသူများက အရိပ်ရအပင်များကို အသီးသီး စိုက်ပျိုးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေကြသည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယနေ့ပြုလုပ်သော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ မဲဇလီ၊ ကုက္ကိုနှင့် ကံ့ကော် စုစုပေါင်း အပင်၁၄၄၀စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကော့သောင်းမြို့နယ်၌ ရေကြီးရေလျှံ ဖြစ်ပေါ်ခဲ့သည့်နေရာများကို နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၁**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် အတွင်း ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့အနီး ဘုတ်ပြင်း-ကော့သောင်းသွား ကားလမ်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၃၇) နှင့် (၂၃၈) ကြားရှိ ကတ္တရာကားလမ်း အရှည် (၄)ဖာလုံခန့် နေရာကို ခမောက်ကြီး ချောင်းရေမြင့်တက်လာမှုကြောင့် ကားလမ်းရေကျော်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားလမ်း ရေကျော်မှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ဇူလိုင် ၉ ရက် ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ခမောက်ကြီးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေစေရန်နှင့် အန္တရာယ်မဖြစ်စေရေးအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ခမောက်ကြီးချောင်းရေ မြင့်တက်ခဲ့မှုကြောင့် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ အမှတ် (၁) ရပ်ကွက်ရှိ အိမ်ခြေ ၆၂ လုံးခန့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာ နေရာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ နယ်မြေခံ တပ်မတော်သားများက ရွှေ့ပြောင်း နေရာချထားပေးပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ ကိုဗစ်-၁၉ လူနာတစ်ထောင်အတွက် နေရာချထားနိုင်ရေး ကြိုတင်ပြင်ဆင်

**တာချီလိတ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှု တိုးမြင့်လာပြီး အရေးပေါ်နေရာ လိုအပ်လာပါက လူနာတစ်ထောင်ခန့်စာအတွက် နေရာစီစဉ်ပေးနိုင်ရေး ကိုဗစ်စင်တာကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်စင်တာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင် တို့၏ ကြီးကြပ်မှုဖြင့် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ Quarantine Center ပြင်ဆင်ရာတွင် လူနာတစ်ဦးအတွက် ခုတင်၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်နှင့် ခြင်ထောင် ကုန်ကျစရိတ် တစ်ဦးလျှင် ထိုင်းဘတ်ငွေ သုံးထောင်ကျော်ရှိပြီး အဆိုပါ ကုန်ကျငွေများကို မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက အဓိကလှူဒါန်းပေးခြင်း ဖြစ်သည့်အပြင် ကိုဗစ်စင်တာတွင် ပါဝင်ကူညီ လုပ်အားပေးနေကြသည့် Volunteer များ၏ နေ့စဉ်စားသောက်စရိတ်များကိုလည်း မြို့မိမြို့ဖများက ကျခံလှူဒါန်းပေးလျက်ရှိသည်။



တာချီလိတ်မြို့တွင် ကိုဗစ်-၁၉ လူနာများ နေရာချထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ထို့အတူ တာချီလိတ်ခရိုင် အားကစားရုံတွင် ကိုဗစ်-၁၉ ရောဂါ လူနာတစ်ရာကျော်အတွက် ပြင်ဆင်ထားပြီးဖြစ်ကာ ဆက်လက်၍ လူဦးရေတစ်ထောင်ခန့်အတွက် ဝမ်လုံးရပ်ကွက်တွင် ပြင်ဆင်နေခြင်းဖြစ်သည်။ ယင်းပြင်ဆင်နေမှုများကို တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ယမန်နေ့တွင် သွားရောက် ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့နောက် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများသည် ယမန်နေ့နံနက်ပိုင်းတွင် ကိုဗစ်လူနာများထားရှိရာ တာချီလိတ်မြို့ရှိ မိုးကုတ် Quarantine Center သို့ သွားရောက်၍ ကျန်းမာရေးစစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကိုဗစ်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်း ပေးခဲ့ကာ မြို့အဝင် မယ်ယန်း ကိုဗစ်စစ်ဆေးရေး ဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖအဖွဲ့ဝင်များက စစ်ဆေးရေးဂိတ်တွင် တာဝန်ကျဝန်ထမ်းများ၊ Volunteer များအား စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးသည်။

တာချီလိတ်မြို့၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး ထပ်မံစစ်ဆေးတွေ့ရှိသူ ၂၃ ဦးရှိရာ စုစုပေါင်း ၂၄၇ ဦးအထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

---

*** ရှေ့ဖုံးမှ**

အခုလို ရက်ခြားပြေးဆွဲပေးတာပါ။ နောက်ပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကလည်း ကျဆင်းသွားမယ်/ ခရီးသွားပြည်သူတွေလည်း ပြန်လည်ပုံမှန် သွားလာလှုပ်ရှားကြမယ်ဆိုရင်တော့ ရထားခရီးစဉ်တွေ အနေနဲ့ အရင်ကလိုပဲ ပုံမှန်ဖြစ်သွားမှာပါ။ ဒါပေမယ့် အခုလည်း ရန်ကုန်-မန္တလေး ပြေးဆွဲပေးနေတဲ့ ၁ အဆန်နဲ့ ၂ အစုန် ရထားကတော့ ယခင်ကလိုပဲ နေ့စဉ် အဆန်/ အစုန် ပုံမှန်ပြေးဆွဲ ပေးနေပါတယ်။ အလားတူ ပဲခူး- ရန်ကုန် ရထားနဲ့ အင်းစိန်-ဥက္ကံရထားခရီးစဉ်တွေကိုလည်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးနေပါတယ်” ဟု ရန်ကုန်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့မီးရထားမှ လတ်တလော ပြေးဆွဲပေးနေသော ရထားခရီးစဉ်များမှာ ရန်ကုန်- ပြည် ပြေးဆွဲပေးလျက်ရှိသော အမှတ် (၆၃) အဆန် ရထားမှာ ရန်ကုန်ဘူတာကြီးမှ နှစ်ရက်ခြား တစ်ခေါက် ပြေးဆွဲပေးလျက်ရှိပြီး တစ်ဖန် အမှတ် (၆၄) အစုန် ပြည်- ရန်ကုန် ရထားခရီးစဉ်မှာလည်း နှစ်ရက်ခြား တစ်ခေါက်ပြေးဆွဲပေးလျက်ရှိသည်။ အလားတူ ရန်ကုန်-မော်လမြိုင် ပြေးဆွဲပေးလျက်ရှိသော အမှတ် (၈၉) အဆန် ရထားမှာလည်း နှစ်ရက်ခြား တစ်ခေါက်ပြေးဆွဲပေးလျက်ရှိပြီး မော်လမြိုင်-ရန်ကုန် အမှတ် (၉၀) အစုန်ရထားခရီးစဉ်မှာလည်း နှစ်ရက်ခြား ပြေးဆွဲပေးလျက်ရှိသည်။ တစ်ဖန် ရန်ကုန်-နေပြည်တော် ပြေးဆွဲပေးလျက်ရှိသော အမှတ်(၇) အဆန် ရထားမှာ တစ်ရက်ခြားနှင့် နေပြည်တော်-ရန်ကုန် အမှတ် (၈)အစုန် ရထားခရီးစဉ်တို့မှာလည်း တစ်ရက်ခြား ပြေးဆွဲပေးလျက်ရှိကာ ရန်ကုန်-မန္တလေး ပြေးဆွဲပေးလျက်ရှိသော အမှတ် (၁) အဆန်နှင့် မန္တလေး-ရန်ကုန် ပြေးဆွဲပေးလျက်ရှိသော အမှတ် (၂) အစုန် ရထားမှာ နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

“ကျွန်မတို့လို အခြေခံလူတန်းစားတွေအတွက်ကတော့ ရထားခရီးစဉ်က အခုလိုကာလမျိုးမှာ ပိုအဆင်ပြေပါတယ်။ ရထားနဲ့သွားရတာက ပိုက်ဆံလည်း ကုန်ကျစရိတ်သိပ်မများဘူး။ အခုချိန်မှာ ကားတွေကလည်း ထွက်တယ်ဆိုပေမယ့် ခရီးသည်တစ်ဦးကို နှစ်ဦးစာ ပေးစီးရတာဆိုတော့ ကျွန်မတို့အတွက်က အဆင်မပြေဘူး။ ရထားနဲ့ ကားနဲ့က အချိန်ပေးရတာချင်းတော့ မတူဘူးပေါ့။ ဒါပေမယ့်လည်း သိပ်မှအရေးမကြီးတဲ့ ခရီးစဉ်တွေဆို ကျွန်မက ရထားစီးရတာကို ပိုနှစ်သက်တယ်။ အထူးသဖြင့်တော့ ရထားစီးရတာ လေကောင်းလေသန့်လည်းရ/အကုန်အကျလည်း သက်သာတော့ ကျွန်မတို့လို ခရီးသည်တွေအတွက်ကတော့ အဆင်ပြေပါတယ်” ဟု ရန်ကုန်မှ ပြည်မြို့သို့ လိုက်ပါစီးနင်းမည့် ခရီးသည်တစ်ဦးက ပြောသည်။

ယခုအခါ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာသော ရထားများကို ခရီးစဉ်အလိုက် ရက်ခြားပုံမှန်ပြေးဆွဲလျက်ရှိပြီး ယခုဇူလိုင်လဆန်းပိုင်း (ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်မှု) ကာလမှာလည်း ရပ်နားပြောင်းလဲခြင်းမရှိဘဲ လိုက်ပါစီးနင်းမည့် ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ် ၊ ဓာတ်ပုံ- မိုးမခ**

---




# ဟသ်ာတမြို့၌ ကိုဗစ်-၁၉ လူနာထားရှိရန် နေရာများ တိုးချဲ့ပြင်ဆင်ဆောင်ရွက်

**ဟင်္သာတ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့တွင် ကိုဗစ်-၁၉ လူနာထားရှိရန် နေရာများ တိုးချဲ့ပြင်ဆင် ဆောင်ရွက်မှုများကို ယနေ့ နံနက် ၈ နာရီကစတင်၍ ဟင်္သာတတက္ကသိုလ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟင်္သာတမြို့နယ်တွင် ကိုဗစ်-၁၉ လူနာများကို ခရိုင်ပြည်သူ့ဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်းနှင့် မြို့တော်ခန်းမကြီး၊ သာသနာ့ဗိမာန်တို့တွင် ယာယီဆေးရုံများအဖြစ် ဖွင့်လှစ်ဆောင်ရွက်နေပြီး Quarantine Center အဖြစ် ဘေးစီမံသင်တန်းကျောင်းတို့တွင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကူးစက်နှုန်းမြင့်တက် မြန်ဆန်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထိန်းချုပ်နိုင်ရေးအတွက် ထိစပ်သူများအား ထားရှိရန် လိုအပ်ပါက အသုံးပြုနိုင်ရန် ဟင်္သာတတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားရုံနှင့် ကံ့ကော်ဆောင်တို့တွင် ထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

အဆိုပါ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများကို ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကိုဗစ်ကော်မတီ အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့ပေါ်နှင့် ရပ်ကျေးအဖွဲ့များ၊ ဟင်္သာတတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဝန်ထမ်းများက လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇော် (ပြန်/ဆက်)**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ကနီမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မဒေါက်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရွှေဂွန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၁ ဒသမ ၄၀ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် မော်လိုက်မြို့နှင့် မင်းကင်းမြို့တို့တွင် ၁ ဒသမ ၂၂ လက်မစီတို့ ဖြစ်ကြသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**



## မန္တလေးမြို့ပေါ်ရှိ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ နဒီမြန်မာဟိုတယ်၌ COVID–19 Test Centre ပြုလုပ်ထားရှိမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Best Management ဖြစ်အောင် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ COVID–19 ရောဂါ အတည်ပြု လူနာများအတွက် လိုအပ်သော အောက်ဆီဂျင်များ လုံလောက်စွာ ပေးအပ်နိုင်ရေးအတွက် ပြုလုပ်ထားသော Oxygen Plant နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်း၌ ပြင်ဆင်ဆောင်ရွက်နေသော COVID–19 ရောဂါ ကုသရေးဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ကုသရေးဌာနသည် အရေးပေါ်လူနာ ၆၀ ဆံ့ တစ်ခန်းနှင့် အတည်ပြုလူနာ ၇၂ ဦးဆံ့ နှစ်ခန်း စုစုပေါင်း ၂၀၄ ဦးကို ကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးမြို့နေပြည်သူများအနေဖြင့် COVID–19 ရောဂါ ကာကွယ်တားဆီးရေးအတွက် ထုတ်ပြန်ထား သော Stay at Home စည်းကမ်းချက် လိုက်နာမှုအပေါ် မန္တလေးမြို့တွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်–**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်–**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား– US CDC.Lightning.(accessed as of 5-6-2020)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လွမ်းဆွတ်တမ်းတနေရသော ဗိုလ်ချုပ်၏ အရည်အချင်းများ

## အောင်ဇေယျ

မြန်မာနိုင်ငံ၏ စံပြခေါင်းဆောင်ကား ဗိုလ်ချုပ်အောင်ဆန်း ဖြစ်၏။ ခေါင်းဆောင်ဟူသည် ခေါင်းဆောင်အရည်အချင်းနှင့် ပြည့်စုံရ၏။ ဗိုလ်ချုပ်တွင် မွေးရာပါ အရည်အချင်းနှင့် လေ့ကျင့်ယူရသော အရည်အချင်းတို့ရှိကြသည်။ သူ့ဘဝဖြစ်စဉ်မှ ကောက်နုတ်ဖော်ပြလိုပါသည်။

**မလိမ်ညာတတ်ခြင်း**

ဗိုလ်ချုပ်သည် သူတစ်ပါးကို မလိမ်ညာတတ် သကဲ့သို့ သူများက လိမ်ညာပြောဆိုလျှင်လည်း မကြိုက်ချေ။ ဗိုလ်ချုပ်ဘဝတွင် တိုင်းပြည်ကို ဘယ်တုန်းကမှ မုသားစကားဆိုပြီး ကိုယ့်အလိုသို့ ပါအောင် မဆွဲဆောင်ဖူးချေ။ ထို့ကြောင့် လူထုက ဗိုလ်ချုပ်စကားကို လုံးဝယုံကြည်ထောက်ခံကြသည်။

(က) ဗိုလ်ချုပ်ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် နေခဲ့ဖူးသည်။ ဥပုသ်နေ့တွင် ကျောင်းပိတ်သော်လည်း ယောကျ်ားကလေးတွေက ကျောင်းသို့ လာရသည်။ ရေခပ်၊ သန့်ရှင်းရေး စသည်ဖြင့် လုပ်ကိုင်ပေးကြရသည်။ တစ်ဥပုသ်တွင် အလုပ်မရှိသဖြင့် ဘုန်းကြီးက ကျောင်းသားတွေကို နေ့ခင်းပိုင်း အိပ်ခိုင်း သည်။ "မင်းတို့မအိပ်ချင်ဘူးလား"ဟု မေးသည်။ ကျောင်းသားတွေက မအိပ်ချင်သော်လည်း အိပ်ချင်ပါသည်ဟု ဘုန်းကြီးအလိုကျ လျှောက်တင်ကြသည်။ အောင်ဆန်းက မဖြေပေ။ "အောင်ဆန်းကော မအိပ်ချင်ဘူးလား"ဟု ထပ်မေးရာ "မအိပ်ချင်ပါဘူး"ဟု ဖြေလေ၏။ ဘုန်းကြီး သဘောကျစွာ ပြုံးနေသည်။

( ခ ) တောမှ စပါးဝယ်ရန် ရောက်လာသူတွေကို "၆၀ ဈေးနဲ့ဝယ်ထားတာ၊ မင်းတို့လိုချင်ရင် ၅၀ နဲ့ ယူသွား" ဟု ဗိုလ်ချုပ်မိခင် ဒေါ်စုက ပြောသောအခါ အနားမှာ ကစားနေသော အောင်ဆန်းလေးက "အစ်မ- ခင်ဗျား မဟုတ်တာမပြောနဲ့။ ဒီစပါးက ၅၀ နဲ့ ဝယ်ထားတာ ကျုပ်သိတယ်" ဟု ပြောလိုက်လေ၏။ ဈေးဝယ်တွေ ပြန်သွားတော့ ပေါင်တွင်းကြော လိမ်ဆွဲခံရလေသည်။

**အပြစ်နှင့် အားနည်းချက်ကို ဝန်ခံရဲခြင်း**

လူတို့သည် များသောအားဖြင့် မိမိအပြစ်၊ မိမိ အားနည်းချက်ကို ဝန်မခံတတ်ကြချေ။ ဘေးလူက ထောက်ပြလျှင်လည်း မကြိုက်ကြချေ။ မသိကျိုးကျွန်နေတတ်ကြသည်။ တချို့က ခေါင်းရှောင်၍ တစ်ပါးသောသူကိုပင် လွှဲချတတ်ကြသည်။ ဗိုလ်ချုပ်ကား ဤသို့မဟုတ်။ မိမိအမှား၊ မိမိအားနည်းချက် ရှိပါက မသိကျိုးကျွန်မနေ။ သူများအပေါ် ပုံမချ။ ရဲရဲဝံ့ဝံ့ဝန်ခံသည်။



(က) ဗိုလ်ချုပ် လေး၊ ငါးနှစ်သားအရွယ်က အစ်မ ရက်ကန်းစင်မှ ပိုးယောလုံချည်စကို ဓားဖြင့် ထိုးကစားသောကြောင့် သုံးမရအောင် ပျက်စီးသွားသည်။ သူမဟုတ်သလို တစ်နေရာမှာ ဆက်ကစားနေသည်။ မိခင်ဒေါ်စု သိသောအခါ ခေါ်ရိုက်၏။ ကြောက်ပါပြီဟု မပြော၊ ငိုလည်းမငို။ "အောင်ဆန်း၊ မင်းလုပ် တာမဟုတ်လား"ဟု မေးတော့ "ဟုတ်တယ်" ဟု ဖြေ၏။ ငယ်ပင်ငယ်သော်လည်း အပြစ်ကို ရဲဝံ့စွာဝန်ခံသည်။ ဒေါ်စု ဆက်မရိုက်တော့။

> ❑ လူတို့သည် များသောအားဖြင့် မိမိအပြစ်၊ မိမိ အားနည်းချက်ကို ဝန်မခံတတ်ကြချေ။ ဘေးလူက ထောက်ပြလျှင်လည်း မကြိုက်ကြချေ။ မသိကျိုးကျွန်နေတတ်ကြသည်။ တချို့က ခေါင်းရှောင်၍ တစ်ပါးသော သူကိုပင် လွှဲချတတ်ကြသည်။ ဗိုလ်ချုပ်ကား ဤသို့မဟုတ်။ မိမိအမှား၊ မိမိအားနည်းချက်ရှိပါက မသိကျိုးကျွန်မနေ။ သူများအပေါ် ပုံမချ။ ရဲဝံ့စွာဝန်ခံ

( ခ ) တက္ကသိုလ်ကျောင်းသားဘဝ သမဂ္ဂဥက္ကဋ္ဌ လုပ်စဉ် လုပ်ဖော်ကိုင်ဖက်တွေနှင့် ပဋိပက္ခ ဖြစ်၏။ ကျောင်းသားတွေက ထုံးစံအတိုင်း ကိုကြီးနုထံ သွားတိုင်သည်။ "အောင်ဆန်းဟာ ဆက်ဆံရာ၌ မောက်မာကြောင်း၊ ဇွတ်လုပ်ကြောင်း၊ တင်စီးကြောင်း၊ လူထုနှင့် ဆက်ဆံရာတွင် ပြေပြစ်မည် မဟုတ်ကြောင်း၊ အောင်ဆန်းနေရာတွင် လူစားခန့်သင့်ကြောင်း" စသည်ဖြင့် ပြောဆိုတိုင်တန်းကြသည်။ တစ်နည်းအားဖြင့် အားနည်းချက်တွေကို ထုတ်ဖော်ဝေဖန်တာပဲဖြစ်သည်။ ထောက်ပြတာပဲဖြစ်သည်။ အောင်ဆန်းက တစ်ချိန်လုံးငြိမ်၍ နားထောင်နေပြီးမှ "အားလုံး ကို ကျုပ် ဝန်ခံတယ်"ဟု ရိုးရိုးရှင်းရှင်း အဖြေပေးလိုက်လေသည်။

**မဖြစ်မနေလုပ်သော ဇွဲရှိခြင်း**

ဗိုလ်ချုပ်သည် "လုပ်လို့မဖြစ်" ဟူသော အသုံးအနှုန်းကို အလွန်မုန်းတီးသူဖြစ်၏။ သူ့ခံယူချက်မှာ လုပ်လျှင် ဖြစ်ရမည်။ ဇွဲရှိလျှင် အောင်မြင်ရမည်ဟု အမြဲတမ်းပြောလေ့ရှိ၏။ ပြောသည့်အတိုင်းလည်း ဖြစ်အောင်လုပ်ခဲ့တာတွေ အများအပြားရှိခဲ့ပါ၏။

(က) အငယ်ဆုံးသားမို့ သူ့ကို မိဘတွေက အလိုလိုက်ခဲ့သည်။ ရှစ်နှစ်သားအထိ ကျောင်းမနေသေးချေ။ အစ်ကို ဦးဘဝင်းနှင့် အောင်သန်းတို့ ရှင်ပြုတော့ သူလည်းပါချင်သည်။ ရှင်ပြုပွဲမှာ ပါချင်ကြောင်း ပူဆာသည်။ ရှင်လောင်းဝတ်ချင်လျှင် စာတတ်ရသည်ဟု မိဘတွေက ပြော၏။ ထို့ကြောင့် အတင်းကျောင်းလိုက် တက်သည်။ ရှစ်နှစ်သားမှ ကျောင်းစနေသည်။ ကြိုးစားသည်။ ခုနစ်တန်း၊ ၁၀ တန်းကို ထူးထူးချွန်ချွန် စကောလားရှစ်နှင့် အောင်သည်။ အင်္ဂလိပ်၊ မြန်မာသတ္တမတန်း စာမေးပွဲတွင် တစ်ပြည်လုံး၌ အဆင့်(၉) ရသည်။ ဗုဒ္ဓဘာသာကျောင်းနှင့် အမျိုးသားကျောင်းများတွင် ပထမ ရသည်။

( ခ ) အစ်ကိုဦးဘဝင်း ဆရာလုပ်နေသော ရေနံချောင်း အမျိုးသားကျောင်းတွင် လိုက်နေချင်၍ မိဘတွေကို ပူဆာသည်။ အသက်ငယ်သေး (၁၄ နှစ်) သဖြင့် တစ်မြို့တစ်ရွာသို့ မိဘက မလွှတ်ချင်ပေ။ သုံးရက်တိုင် ထမင်းမစားဘဲ အမြဲငိုနေတော့သည်။ အဆုံးမှာတော့ သူ့ဇွဲကို သိသောမိဘက လက်လျှော့ပြီး ခွင့်ပြုရလေတော့သည်။

( ဂ ) စကားရည်လုပွဲ၊ စကားအခြေအတင် ပြောပွဲတွေမှာ အောင်ဆန်းပါဝင်စပြုသည်။ အလေ့အကျင့်မရှိ၍ ပရိသတ်ရှေ့ စကားပြောရာတွင် အခက်အခဲရှိလေသည်။ သို့သော် စိတ်ပါလက်ပါ ကြိုးစားလေ့ကျင့်ခဲ့ရာ ၁၀ တန်းရောက်တော့ စကားပြောကောင်းသူအဖြစ် တစ်ကျောင်းလုံးက အသိအမှတ်ပြုလာကြသည်။

(ဃ) တက္ကသိုလ်ရောက်သောအခါ တက္ကသိုလ်ကျောင်းသားထုကို ခေါင်းဆောင်ရန် မြန်မာစကားပြောကောင်းရုံနှင့် မရတော့ချေ။ အင်္ဂလိပ်လိုအပြောကောင်းဖို့လည်း လိုအပ်လာ၏။ သူ့လို ဘုန်းကြီးကျောင်းထွက်က ဘယ်လိုလုပ်ပြီး အင်္ဂလိပ်စကားကို ပရိသတ်ရှေ့ထွက်ကာ သွက်သွက်လက်လက် ပြောနိုင်ပါ့မလဲ။ သို့ရာတွင် အခန်းထဲမှာ သူလေ့ကျင့်၏။ အခွင့်အရေးရလျှင် စင်ပေါ်တက်ပြော၏။ သူပြောတာကို နားမလည်ကြ။ သို့ပင်မယ့် သူပြောတတ်သလို ပြောသည်။ လှောင်ပြောင်သရော်နေတဲ့ကြားက သူပြောချင်တာကို ပြီးအောင်ပြောပြီးမှ ခပ်တည်တည်နှင့် ဆင်းသွားသည်။ ဒီပုံ ဇွဲရှိရှိ မဆုတ် မနစ်လေ့ကျင့်ခဲ့၊ ပြောခဲ့သောကြောင့် တိုင်းပြည်ခေါင်းဆောင်ဖြစ်ချိန်တွင် အင်္ဂလိပ်စကားပြောလည်းကောင်း၍ အင်္ဂလိပ်စာအရေးကောင်းသူလည်း ဖြစ်လာခဲ့ပေသည်။

**ခြောက်လည်း မကြောက်၊ မြှောက်လည်း မမြောက်ခြင်း**

"ကျွန်တော်တော့ ဘယ်သူမြှောက်လို့မှလည်း မမြောက်ဘူး၊ ဘယ်သူခြောက်လို့မှလည်း မကြောက်ဘူး"ဟု ဗိုလ်ချုပ်ပြောလေ့ရှိသည်။ မှန်ပါသည်။ ဗိုလ်ချုပ်သည် ကျဆုံးသွားသော အချိန်အထိ မည်သူမျှ မြှောက်၍၊ ခြောက်၍ မရသည်မှာ အထင်အရှားပင်။

(က) အထက်တန်းကျောင်းသားဘဝက စကားအခြေအတင်ပြောပွဲပြီးသည်နှင့် သူငယ်ချင်းတွေက ဝိုင်းပြီးချီးမွမ်းကြလေသည်။ မောင်အောင်ဆန်းသည် သွေးကြွမြောက်တက်ခြင်းမရှိ။ မိမိကိုယ်ကို အထင်ကြီးပုံလည်းမရှိ။ ဘာမှ ပြန်မပြောဘဲ သူငယ်ချင်းတွေကိုပင် နှုတ်မဆက်ဘဲ သူသွားလိုရာကို ဇွတ်ထွက်သွားလေသည်။

( ခ ) ချင်းတောင်တွင် ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ်းသူမောင်ကို နယ်ချဲ့ဆန့်ကျင်ရေး လုပ်တယ်ဆိုပြီး ဖမ်းဆီးနှိပ်စက်နေချိန်…၊ တို့ဗမာအစည်းအရုံးက ယင်းလုပ်ရပ်ကို ပြင်းပြင်း ထန်ထန် ကန့်ကွက်ရှုတ်ချနေချိန်၊ *စာမျက်နှာ ၇ သို့*

# သီပေါ ပေါ်ကြိုရှေးဟောင်းသမိုင်းဝင်ဘုရားကြီးအား ဖူးမြော်ခွင့် ယာယီပိတ်ထား



**သီပေါ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီးကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၁၁ ရက် **(ယနေ့)** မှစ၍ ဖူးမြော်ကြည်ညိုခွင့် ယာယီပိတ်ထားကြောင်း ဂေါပကအဖွဲ့ဝင် ဦးစိုင်းဆာအောင်ထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက် ကြည်ညိုလည်ပတ်လျက်ရှိသည့် ဘုရားဖြစ်ခြင်းကြောင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ဘုရားကြီးဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဖူးမြော်ခွင့် ယာယီပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

သခင်အောင်ဆန်းသည် ဇလွန်မှအပြန် ဒေါင့်ကြီးရွာကိုဝင်၍ တရားပွဲ ပြုလုပ်၏။ ဆယ်မိနစ်ခန့်အကြာတွင် ပုလိပ်အရာရှိတစ်ဦး ရောက်လာပြီး တရားဟောနေဆဲ သခင်အောင်ဆန်းကို နို့တစ်စာ တစ်ရွက်ပေး၏။ စာတွင် ရာဇဝတ်ဝန်ကြီး မစ္စတာဖေးဗီးယားက ချင်းတောင်က အကြောင်းကို တရားပွဲမှာ ထည့်မပြောရန်၊ ပြောက ကာကွယ်ရေး ဥပဒေအရ အရေးယူမည်ဟု ပါသည်။ သခင်အောင်ဆန်းက နို့တစ်စာကို ပရိသတ်အား ဖတ်ပြပြီး "ချင်းတောင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ သိကြသလား။ ဒီကိစ္စကို ကျုပ်မေ့နေတာ။ နို့တစ်လာမှ သတိရတယ်။ ခင်ဗျားတို့ သိချင်သလား" ဟု မေး၏။ ပရိသတ်က "သိချင်တယ်၊ သိချင်တယ်"ဟု ဖြေ၏။ သခင်အောင်ဆန်းက မခြွင်းမချန် ဟောပြောပါလေတော့သည်။

(ဂ) ၁၆-၅-၁၉၄၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် တော်လှန်ရေးတပ်ဖွဲ့များနှင့် ဗြိတိသျှတပ်များ စနစ်တကျ ပူးပေါင်းရေးကိစ္စကို ဆွေးနွေးရန် မိတ္ထီလာသို့ သွားရောက်၍ အမှတ် (၁၄) တပ်တော်မှူး ဗိုလ်ချုပ်ကြီး စလင်းနှင့် တွေ့ဆုံလေသည်။ ဗိုလ်ချုပ်ကြီး စလင်းက ဗိုလ်ချုပ်အကဲကို စမ်းသည့်အနေဖြင့် အင်္ဂလိပ်ကို တော်လှန်ခြင်း၊ လူသတ်မှုနှင့် စွဲဆိုနိုင်ခြင်း တို့ကြောင့် ယခုအောင်ဆန်းကို ဖမ်းမည်ဆိုက ဖမ်းနိုင်ကြောင်း၊ သူ့ကိုလာ တွေ့သည့်အတွက် အန္တရာယ်ရှိသည် မထင်ဘူးလားဟု မေးရာ ဗိုလ်ချုပ်က မထင်ကြောင်း ဖြေသည်။ ဘာကြောင့်လဲဟု စလင်းက ထပ်မေးတော့ ခင်ဗျားက ဗြိတိသျှအရာရှိ ဖြစ်နေလို့ဟု တည်ငြိမ်စွာ အဖြေပေးလိုက်သည်။ ဗိုလ်ချုပ်သည် စလင်းခြောက်သည်ကို မကြောက်သည့်အပြင် စကားအရာ၌လည်း လိမ္မာကြောင်း သိနိုင်လေသည်။

### အပင်ပန်း အဆင်းရဲခံနိုင်ခြင်း

ခေါင်းဆောင်ဆိုတာ အပင်ပန်း အဆင်းရဲခံနိုင်ရမည်ဟု ကောင်းစွာသဘောပေါက် နားလည်ထားသော ဗိုလ်ချုပ်သည် ကျောင်းသားဘဝကတည်းက အပင်ပန်း အဆင်းရဲခံနိုင်အောင် လေ့ကျင့်ထားသည်။ ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ဖြစ်လာသည်။ နိုင်ငံရေးနယ်ထဲ ခြေလှမ်းကျယ်လာသည်နှင့်အမျှ တစ်နေ့နေ့တွင် အဖမ်းခံရပြီး ထောင်ကျနိုင်တာကို မျှော်မှန်းပြင်ဆင်ခဲ့သည်။

(က) တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည် နွေရာသီကျောင်းပိတ်ရက် အိမ်မပြန်ဘဲ သမဂ္ဂအဆောက်အအုံထံ ရွှေ့ပြောင်းနေထိုင်၏။ အစည်းအဝေးပွဲနှင့် တရားပွဲကျင်းပရာ ခန်းမကြီးထဲမှာ ကြမ်းခင်း၊ ခုံတန်းလျားများ ဖြင့် ပြည့်နှက်နေ၏။ ခုံတန်းလျားတို့မှာ ကြမ်းပိုး အလွန်သောင်းကျန်းသဖြင့် အကြောင်းမဲ့သက်သက် မည်သူတစ်ဦး တစ်ယောက်မှ စည်းစိမ်ခံပြီး ထိုင်မနေနိုင်ချေ။ ကိုအောင်ဆန်းအဖို့ကတော့ ကြမ်းပိုးသောင်းကျန်းသော ခုံတန်းလျားများမှာ စည်းစိမ်ရှင်မွေ့လျော်ရာ ခုတင်ကြီးသဖွယ် ဖြစ်၏။ အခင်းက ကြိမ်၊ ခေါင်းအုံးက လက်တန်း၊ ခြုံစောင်မှာ ခါးဝတ်လုံချည်၊ ခြင်ထောင်မှာ ဗလာနတ္ထိ ဖြစ်၍ ကြမ်းပိုးနှင့်ခြင်တောထဲမှာ အိပ်စက်နေရ၏။

တစ်နေ့ သမဂ္ဂလက်ဖက်ရည်ဆိုင်ပိုင်ရှင် အဒေါ်ကြီးက ကိုအောင်ဆန်းကို တွေ့သွား၏။ မိမိရင်မှ ဖွားသော သားသက်ဲ့သို့ အမြဲတစေ ဂရုစိုက် နေသော အဒေါ်ကြီးက ကိုအောင်ဆန်းကိုကြည့်ပြီး ရင်ထုမနာဖြစ်လေ၏။ "မောင်အောင်ဆန်းရယ် မင်းဘာကြောင့် ခုံတန်းလျားပေါ်မှာ အိပ်ရသလဲကွယ်။ ကြမ်းပိုးကကိုက်၊ ခြင်ကကိုက်သနဲ့၊ အဒေါ်ကို ပြောရောပေါ့" ဟု ဆိုကာ စောင် ခြင်ထောင်ပေးရန် ပြင်၏။ ထိုအခါ အောင်ဆန်းက "ကျွန်တော့်မှာ စောင်တို့၊ ခေါင်းအုံးတို့ ရှိပါတယ်။ တမင်သက်သက် အခုလိုနေတာပါ။ ကြမ်းပိုးတို့ ၊ ခြင်တို့ ကိုက်တာလည်း သိပါတယ်။ ဒါမှ နိုင်ငံရေးလုပ်လို့ ထောင်ကျရင် အဆင်းရဲခံနိုင်မှာ မဟုတ်လား" ဟု ပြောလိုက်သည်။

### ဘွင်းဘွင်းနှင့်ရှင်းရှင်းပြောတတ်ခြင်း

ဗိုလ်ချုပ်သည် ပြောစရာရှိလျှင်ဖြစ်စေ၊ လုပ်စရာရှိလျှင်ဖြစ်စေ ဘယ်တော့မှ မြုံ မထားတတ်။ နေရာတကာ ဘွင်းဘွင်းရှင်းရှင်း ပြောလေ့ရှိ၏။ လူမြင်သူမြင် လူသိသူသိမခံဘဲ နောက်ကွယ်မှ လုပ်တာမျိုး၊ စကားအလှပြောတာမျိုး မရှိချေ။ ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြောဆိုလုပ်ကိုင်ရာတွင် အထူး နာမည်ရ၏။ လုပ်သည့်အတိုင်းပြော၍ ပြောသည့်အတိုင်းလုပ်၏။ စကားနှစ်ခွ မရှိ၊ ရှေ့နောက်ညီ၏။

(က) စစ်ဝန်ကြီးဘဝက ရေးခဲ့သောစာမှ ကောက်နုတ်ဖော်ပြလိုပါသည်။ "မကွေးမြို့တွင် အပျိုပေါက်စ ခပ်ချောချောကလေးရှိသော အသိ အိမ်တွင် တည်းခိုညအိပ်သည်။ လူပျိုပေါက်စဖြစ်သော ကျွန်တော်မှာ သူစိမ်းတစ်ရံအိမ်တွင် မနေတတ်။ အထူးရက်တတ်သည်။ မိန်းကလေးနှင့် ဆိုလျှင်သာ၍ပင် ရက်တတ်သည်။ ထို့ကြောင့် ညမအိပ်ခင် ရက်လွန်း၍ ဆီးမသွားဖြစ်။ ညအိပ်သည့်အခါ မအောင့်နိုင်ဘဲ သေးပါကျလေသည်။ ကျွန်တော်လည်း သေးထွက်ကျပြီးမှ သိလေသည်" ဟု မိမိငယ်စဉ်က အရှက်ကြီးခဲ့ပုံကို မဖုံးမကွယ် ထည့်ရေးခဲ့၏။ တစ်ဖန် စစ်ဝန်ကြီးဘဝမှာပင် ဝန်ခံခဲ့တာရှိပါသေးတယ်။ ငယ်ငယ်က သူငယ်ချင်းတွေနဲ့ သူထိုး ကိုယ်ထိုး ရန်ဖြစ်ရာ အောင်ဆန်းက အသာစီးတောင်ရနေ၏။ တစ်ဖက်က ခုံဖိနပ်ဖြင့် ပေါက်ရာမရှောင်မတိမ်း ထုံပေပေလုပ်နေတော့ ခေါင်းထိပြီး မိုက်ခနဲဖြစ်သွားသည်။ လက်ဖြင့် စမ်းကြည့်သည်။ သွေးတွေ ရဲခနဲမြင်တော့ လန့်ပြီးငိုသည်။ "အဲဒီတုန်းက ကျွန်တော့် သတ္တိတွေ ပျောက်ပြီး ကြောက်သွားတယ်" ဟု ဝန်ခံသည်။ သူ့ကို သူရဲကောင်းဟု၊ လူစွမ်းကောင်းဟု အများအထင်ကြီးအောင် ဟန်မဆောင်ခဲ့ချေ။

(ခ) ကိုနုနှင့် ကိုအောင်ဆန်းတို့ အိမ်ကို ငွေမှာပုံကို ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းက အောက်ပါအတိုင်း နှိုင်းယှဉ်ပြဖူးသည်။ ကိုနုက သူ့အဖေဆီစာရေးရာ၌ အဖေစာအုပ်ဖိုးက ဘယ်လောက်၊ မုန့်ဖိုးက ဘယ်လောက်၊ ကျောင်းလခက ဘယ်လောက်၊ ယောက်ျားတို့ ထုံးစံအတိုင်း ပျော်ပါးဖို့က ဘယ်လောက်ဆိုပြီး တောင်းသတဲ့။ သားက ဒီလိုတောင်း တာကို အဖေလုပ်သူက သားတောင်းသလောက်ပို့ပေးတဲ့အပြင် ရောဂါရလျှင် ကုသဖို့ဆေးဖိုးဝါးခက ဘယ်လောက်ဆိုပြီး အဆစ်တောင်ထည့်ပေးသတဲ့။ အဖေနဲ့သား လိုက်သဗျာ။ အောင်ဆန်းကတော့ ဒီလိုမဟုတ်ဘူး။ သူတောင်းပုံက အမေကျုပ်ကတော့ ခင်ဗျားသားကြီးတွေလို လခစားအလုပ် လုပ်မယ့်သူ မဟုတ်ဘူး၊ ကျုပ်တော့ နိုင်ငံရေး လုပ်မှာပဲ။ ဒါကြောင့် သုံးဖို့စွဲဖို့ငွေ ၈၀ လောက် ပို့လိုက်ပါ။ ကျုပ်တော့ ဒီကျောင်းပိတ်ရက် အိမ်မပြန်တော့ဘူး။

(ဂ) ဗိုလ်ချုပ်သည် ဂျပန်များရှေ့တွင်ပင် ဂျပန်ပေးသော လွတ်လပ်ရေးဟာ အယောင်ဆောင်လွတ်လပ်ရေးသာဖြစ်ကြောင်း "ဖြောင်" မကွယ် မဝှက်ပြောရဲသော သတ္တိရှိ၏။ ဂျပန်ပေးသော လွတ်လပ်ရေး၏ ပထမနှစ်ပတ်လည် အခမ်းအနားတွင် ဤကဲ့သို့ ဟုတ်တိုင်းမှန်ရာ မကြောက်မရွံ့ ဖွင့်ချခဲ့ပုံကို ဒေါက်တာမောင်မောင် ရေးသော Burma In the Family of Nations စာအုပ်မှ ကောက် နုတ်ဖော်ပြလိုပါသည်။ စာရေးသူ ဘာသာပြန်လျှင် "ပေါ့" မည်စိုးသဖြင့် မူရင်းအင်္ဂလိပ်စာ အတိုင်း ဖော်ပြပါရစေ။

"Our independence exists only on paper" said Aung San courageously at a celebration of the 1st independence anniversary "Only the privileged few such as ministers, like myself, the commercial exploiteers and the newly rich xxxx reap the fruits of independence. A long way and hard road still lies between us and our goals." Such frank talk did not please the Japanese, but rallied the people.

### သစ္စာရှိခြင်း ကတိတည်ခြင်း

ဗိုလ်ချုပ်သည် ကတိတစ်ခုကို အလွယ်တကူပေးခဲ့သည်။ ကတိပေးပြီးလျှင် ထိုကတိကို တည်အောင်ထိန်းသည်။ ဆိုခဲ့စေမြဲစေအတိုင်း ကျင့်သည်။ ရဲဘော်ရဲဘက် လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ အထူးသစ္စာ စောင့်ခဲ့သူ ဖြစ်သည်။

(က) ၁၉၃၅-၃၆ ခုနှစ်အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂကထုတ်သော အိုးဝေ မဂ္ဂဇင်းပါ ငရဲခွေးကြီးလွတ်နေသည် Hell Hound at large ဆောင်းပါးကြောင့် တက္ကသိုလ် အာဏာပိုင်မျက်နှာဖြူတွေ အနာ ပေါ်တုတ်ကျသည့်အလား ဆတ်ဆတ်ခါအောင် နာကြည်းသွားကြသည်။ ဆောင်းပါးရှင်ကို ဖော်ထုတ်ပေးရန် တာဝန်ခံ အယ်ဒီတာ ကိုအောင်ဆန်းကို အကျပ်ကိုင်သော်လည်း အယ်ဒီတာကျင့်ဝတ်အရ မဖော်ပြဘဲ ကျောင်းထုတ်ခံလိုက်သည်။ လုပ်ဖော်ကိုင်ဖက် ကျောင်းသားနှင့် ကျင့်ဝတ်အပေါ် သစ္စာရှိပြလိုက်ခြင်းဖြစ်၏။

(ခ) ၁၆-၅-၁၉၄၅ ရက်က ဗိုလ်ချုပ်ကြီးစလင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မိတ္ထီလာတွင် တွေ့ဆုံကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ အောင်ဆန်းဟာ ရိုးသားဖြောင့်မတ်တယ်။ ကတိကို အရမ်းမပေး။ ကတိပေးပြီးလျှင်လည်း ကတိအတိုင်း တစ်သဝေမတိမ်းလုပ်တယ်ဆိုသည်ကို ဗိုလ်ချုပ်ကြီးစလင်းက သူ၏ Defeat into Victory စာအုပ်တွင် "The greatest impression he made on me was one of honesty. He was not free with glib assurances and he hesitated to commit himself, but he had the idea that if he agreed to do something he would keep his word. I could do busin-ess with Aung San" ဟု ရေးသားခဲ့သည်။ နိုင်ငံခြားသားကပင် ချီးမွမ်းရသော အရည် အချင်းပါတကား။ ဗိုလ်ချုပ်၏ အရည်အချင်းတွေ၊ ဂုဏ်ရည်တွေ အများကြီးကျန်ပါသေး သည်။ ယခုတင်ပြသည်မှာ အကင်းမျှသာ ရှိပါသည်။ ဥပမာ နိုင်ငံရေးအယူမတူသူကို နေရာပေးလက်တွဲခဲ့သော အရည်အချင်း မျိုးကားရှာမှ ရှားပေသည်။

နောင်းနိုင်ငံရေး လုပ်သူတို့သည် ဗိုလ်ချုပ်ပုံသွင်ကို ထုဆစ်သည်ထက် ဗိုလ်ချုပ်စိတ်ဓာတ်ကို အမွေခံရန် ပဓာနကျကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း( သီရိလင်္ကာနိုင်ငံ )

**နေခြည်**

*ယမန်နေ့မှအဆက်*

### မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် နေရာအရေအတွက် သတ်မှတ်ခြင်း

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒနယ် ကိုယ်စားပြု ကိုယ်စားလှယ်၁၆၀ဦးသတ်မှတ်ထားပါသည်။ ၎င်းမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၁၆၀ ဦးကို မဲဆန္ဒနယ် တစ်နယ်ချင်းစီအလိုက် ရှိသည့် မဲဆန္ဒရှင်အရေအတွက်အပေါ်အခြေခံ၍ အဆင့်နှစ်ဆင့်ဖြင့် ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ တွက်ချက်သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ ( ပုံ - ၃ )

ပထမအဆင့်တွင် တစ်နိုင်ငံလုံးရှိ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင် အရေအတွက်နှင့် ရွေးချယ်မည့်ကိုယ်စားလှယ်နေရာအရေအတွက် ကို အချိုးချခြင်းအားဖြင့် Q (Qualifying Number) တစ်ခုရရှိလာမည် ဖြစ်ပါသည်။

ဒုတိယအဆင့်တွင် မဲဆန္ဒနယ်တစ်နယ်ရှိ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အရေအတွက်နှင့် ပထမအဆင့်တွင် တွက်ချက်ရရှိသည့် Q (Qualifying Number) တို့ကို အချိုးချ တွက်ချက်ပါသည်။ ထိုသို့ တွက်ချက်ခြင်းဖြင့် ရရှိသည့်အရေအတွက်သည် ယင်းမဲဆန္ဒနယ် အတွက် ရရှိမည့် ကိုယ်စားပြုကိုယ်စားလှယ်နေရာ အရေအတွက် ဖြစ်ပါသည်။

**ပထမအဆင့်**

မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်အရေအတွက် ( တစ်နိုင်ငံလုံး ) / တင်မြှောက်မည့်ကိုယ်စားလှယ်အရေအတွက် = Q ( Qualifying Number )

**ဒုတိယအဆင့်**

မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်အရေအတွက်(မဲဆန္ဒနယ်တစ်နယ်) / Q ( Qualifying Number ) = မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ

( ပုံ - ၃ ) မဲဆန္ဒနယ်တစ်နယ်အတွက် မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် သတ်မှတ်ခြင်း

### Colombo မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်နေရာ တွက်ချက်ခြင်း

မဲဆန္ဒနယ်အမည် = Colombo
ပြည်နယ်ကိုယ်စားပြုကိုယ်စားလှယ် = ၂ နေရာ ( Delimitation Commission ၏ သတ်မှတ်ပေးချက် ဖြစ်ပါသည်။ )
မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်စာရင်း ( တစ်နိုင်ငံလုံး ) = ၁၆,၂၆၃,၈၈၅
မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်စာရင်း ( မဲဆန္ဒနယ် ) = ၁,၇၀၉,၂၀၉

**ပထမအဆင့်**

မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်အရေအတွက် ( တစ်နိုင်ငံလုံး ) / တင်မြှောက်မည့်ကိုယ်စားလှယ်အရေအတွက် = Q ( Qualifying Number )

၁၆,၂၆၃,၈၈၅ / ၁၆၀ = ၁၀၁,၆၄၉

**ဒုတိယအဆင့်**

မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်အရေအတွက်(မဲဆန္ဒနယ်တစ်နယ်) / Q ( Qualifying Number ) = မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ

၁,၇၀၉,၂၀၉ / ၁၀၁,၆၄၉ = ၁၇ နေရာ

ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် + မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် = မဲဆန္ဒနယ်တစ်နယ်အတွက်ရရှိမည့် ကိုယ်စားလှယ်အရေအတွက်

Colombo မဲဆန္ဒနယ်အတွက်ရရှိမည့် ကိုယ်စားလှယ်အရေအတွက် = ၁၇ + ၂ = ၁၉ နေရာ

### အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်

အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၂၉ နေရာ သတ်မှတ်ထားပါသည်။ အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ တွက်ချက်ရာတွင် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီး ပုဂ္ဂလအစုအဖွဲ့များအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိလာသော ဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒနယ်အပေါ်အခြေခံ ရွေးချယ်သည့် ကိုယ်စားလှယ်နေရာ ၁၉၆ နေရာ၏ မဲရလဒ်များ ထုတ်ပြန်ကြေညာပြီးနောက် အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာများကို ရွေးချယ်ပေးခြင်း ဖြစ်ပါသည်။

### ဆန္ဒမဲပေးခြင်း

မဲဆန္ဒရှင်သည် မိမိဆန္ဒမဲပေးလိုသည့် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလ အစုအဖွဲ့တစ်ခုကို ဦးစွာဆန္ဒပြုရွေးချယ်ပေးရပါမည်။ ယင်းနောက် မိမိရွေးချယ်ဆန္ဒပြုလိုက်သော နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့၏ ကိုယ်စားပြုကိုယ်စားလှယ်လောင်းများအနက် (၃) ဦးကို ဦးစားပေး ၁၊ ၂ နှင့် ၃ ဟူ၍ ရွေးချယ်ဆန္ဒပြုပေးရမည် ဖြစ်ပါသည်။

### ကိုယ်စားလှယ်နေရာ အချိုးကျခွဲဝေသတ်မှတ်ခြင်း

မဲဆန္ဒနယ်တစ်နယ်ချင်းစီတွင် ဥပဒေနှင့်အညီ တွက်ချက်၍ရရှိလာသည့် မဲဆန္ဒနယ်အပေါ် အခြေခံရွေးချယ်သည့် ကိုယ်စားလှယ်နေရာများ နှင့် အမျိုးသားကိုယ်စားလှယ်စာရင်း ( National List ) အပေါ် အခြေခံ ရွေးချယ်သည့် ကိုယ်စားလှယ်နေရာများကို အချိုးကျကိုယ်စားပြုစနစ် အသုံးပြု၍ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့များသို့ ခွဲဝေသတ်မှတ်ပေးခြင်း ဖြစ်ပါသည်။

### မဲဆန္ဒနယ်နှင့်ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ

နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်တွင် ဆန္ဒမဲရရှိမှုအနည်းဆုံး ၅ ရာခိုင်နှုန်း ပြည့်မီမှသာ ကိုယ်စားလှယ်နေရာ ရရှိခွင့်ရှိပါသည်။ ဆန္ဒမဲအများဆုံး ရရှိသည့် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့သည် အပိုဆောင်းကိုယ်စားလှယ်နေရာ ( Bonus Seat ) တစ်နေရာ ရရှိမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့တို့ ရရှိနိုင်မည့် မဲဆန္ဒနယ်နှင့်ပြည်နယ်အပေါ် အခြေခံရွေးချယ်သည့် ကိုယ်စားလှယ် နေရာအရေအတွက်ကိုလည်း အဆင့် ၂ ဆင့်ဖြင့် တွက်ချက်ရပါသည်။ (ပုံ - ၄)

ပထမအဆင့်တွင် မဲဆန္ဒနယ်တစ်နယ်၌ ဆန္ဒမဲရရှိမှု ၅ ရာခိုင်နှုန်းနှင့် အထက်ရှိသော နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့တို့၏ ဆန္ဒမဲစုစုပေါင်းကို ယင်းမဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ခွင့် ရှိသည့် ကိုယ်စားလှယ်နေရာမှ Bonus Seat တစ်နေရာချန်လှပ်၍ ကျန်ရှိသောကိုယ်စားလှယ်နေရာနှင့် အချိုးချလိုက်ပါက R ( Resulting Number) ရရှိမည် ဖြစ်ပါသည်။ ချန်လှပ်ထားသည့် Bonus Seat တစ်နေရာသည် ဆန္ဒမဲအများဆုံးရရှိသည့် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့အားပေးရန် ဖြစ်ပါသည်။

ဒုတိယအဆင့်တွင် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို R ( Resulting Number ) နှင့် အချိုးချခြင်းအားဖြင့် ယင်းနိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ အစုအဖွဲ့ ကိုယ်စားပြုခွင့်ရမည့် မဲဆန္ဒနယ်နှင့်ပြည်နယ်အပေါ် အခြေခံ ရွေးချယ်သည့် ကိုယ်စားလှယ်နေရာအရေအတွက်ကို ရရှိမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့တစ်ခုချင်းအနေဖြင့်မဲဆန္ဒနယ်နှင့် ပြည်နယ်အပေါ်အခြေခံသည့်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရာတွင် မဲဆန္ဒနယ်တစ်နယ်ချင်းစီ၌ ၎င်းတို့ တင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းများအနက် ဆန္ဒမဲအများဆုံးရရှိသူများကို ဦးစားပေးအဆင့်အလိုက် ရွေးချယ်၍ မဲဆန္ဒနယ်တစ်နယ်ချင်းစီတွင် ၎င်းတို့အနိုင်ရရှိသည့် ကိုယ်စားလှယ်နေရာအရေအတွက်အတိုင်း ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။

Colombo မဲဆန္ဒနယ်ရရှိသည့်ကိုယ်စားလှယ်နေရာ = ၁၉ နေရာ
Colombo မဲဆန္ဒနယ်၌ ရရှိသည့် ခိုင်လုံဆန္ဒမဲအရေအတွက် = ၁,၁၈၂,၇၇၆

*ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့ ၄၂ ခုအနက် ၅ ရာခိုင်နှုန်းပြည့်မီသည့် ပါတီ ၃ ပါတီသာ ရှိပါသည်။*

SLPP ပါတီရရှိသည့် ဆန္ဒမဲ = ၆၇၄,၆၀၃ ( ၅၇ ရာခိုင်နှုန်း )
SJB ပါတီရရှိသည့် ဆန္ဒမဲ = ၃၈၇,၁၄၅ ( ၃၃ ရာခိုင်နှုန်း )
JJB ပါတီရရှိသည့် ဆန္ဒမဲ = ၆၇,၆၀၀ ( ၆ ရာခိုင်နှုန်း )
၁,၁၂၉,၃၄၈

**ပထမအဆင့်**

၅ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲရရှိမှု စုစုပေါင်း / Colombo မဲဆန္ဒနယ်ရရှိသည့်ကိုယ်စားလှယ်နေရာ - Bonus Seat = R ( Resulting Number )

၁,၁၂၉,၃၄၈ / ၁၈ = ၆၂,၇၄၂

**ဒုတိယအဆင့်**

SLPP ပါတီရရှိသည့် ဆန္ဒမဲ / ၆၂,၇၄၂ = ပါတီရရှိသည့် ကိုယ်စားလှယ်နေရာ

၆၇၄,၆၀၃ / ၆၂,၇၄၂ = ၁၁ နေရာ

*ဆန္ဒမဲအများဆုံးရရှိသည့် SLPP သည် Bonus Seat တစ်နေရာ ရရှိမည်ဖြစ်ပါသည်။*

Colombo မဲဆန္ဒနယ်တွင် SLPP ပါတီရရှိမည့် ကိုယ်စားလှယ်အရေအတွက် = ၁၁ + ၁ = ၁၂ နေရာ

( ပုံ - ၄ ) မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ တွက်ချက်ခြင်း

> **❒ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့ တစ်ခုချင်းအနေဖြင့် မဲဆန္ဒနယ်နှင့် ပြည်နယ် အပေါ် အခြေခံသည့် ကိုယ်စားလှယ်ရွေးကောက် တင်မြှောက်ရာတွင် မဲဆန္ဒနယ်တစ်နယ်ချင်းစီ၌ ၎င်းတို့ တင်သွင်းထားသည့် ကိုယ်စားလှယ်လောင်း များအနက် ဆန္ဒမဲအများဆုံး ရရှိသူများကို ဦးစားပေးအဆင့်အလိုက် ရွေးချယ်၍ မဲဆန္ဒနယ် တစ်နယ်ချင်းစီတွင် ၎င်းတို့ အနိုင်ရရှိသည့် ကိုယ်စားလှယ်နေရာ အရေအတွက်အတိုင်း ရွေးကောက်တင်မြှောက်**

### အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ

အမျိုးသားကိုယ်စားလှယ်စာရင်း (National List) အပေါ် အခြေခံ ရွေးချယ်သည့် အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် ၂၉ နေရာ ကိုခွဲဝေသတ်မှတ်ရာတွင် စုစုပေါင်း ခိုင်လုံမဲအရေအတွက်နှင့် ပါတီတစ်ပါတီချင်း သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့ တစ်ခုချင်း အလိုက် ရရှိသည့် ဆန္ဒမဲအရေအတွက်တို့ကို တင်မြှောက်မည့်ကိုယ်စား လှယ် အရေအတွက်နှင့် အချိုးချခြင်းနည်းဖြင့် ခွဲဝေသတ်မှတ်ပေး ပါသည်။ (ပုံ - ၅)

အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်အဖြစ်ကိုမူ ၎င်းတို့ တင်သွင်းထားသည့် အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်လောင်းစာရင်းအနက်မှ ရွေးချယ်နိုင်သကဲ့သို့ မဲဆန္ဒနယ် အပေါ် အခြေခံရွေးချယ်သည့် ကိုယ်စားလှယ်လောင်းစာရင်းမှ ရွေးကောက်တင်မြှောက်ခံထားရခြင်း မရှိသေးသူများကိုလည်း ရွေးချယ်နိုင်ပါသည်။

စုစုပေါင်း ခိုင်လုံမဲအရေအတွက် / SLPP ပါတီရရှိသည့် ဆန္ဒမဲအရေအတွက် X တင်မြှောက်မည့် ကိုယ်စားလှယ် အရေအတွက် = အမျိုးသား မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ

၁၁,၅၉၈,၉၂၉ / ၆,၈၅၃,၆၉၀ X ၂၉ = ၁၇ နေရာ

( ပုံ - ၅ ) အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ တွက်ချက်ခြင်း

### ၂၀၂၀ သီရိလင်္ကာ ပါလီမန်ရွေးကောက်ပွဲ

သီရိလင်္ကာနိုင်ငံ၏ ၉ ကြိမ်မြောက် ပါလီမန်လွှတ်တော်သို့ ကိုယ်စားလှယ် ၂၂၅ ဦးအား ရွေးကောက်တင်မြှောက်မည့် ပါလီမန် ရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၆,၂၆၃,၈၈၅ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၃၁ ဒသမ ၉၅ ရာခိုင်နှုန်းမှာ လူငယ်မဲဆန္ဒရှင်များ ဖြစ်ကြပါသည်။

People's Freedom Alliance Coalition ပါတီသည် သောင်ပြိုကမ်းပြိုအနိုင်ရလဒ်အဖြစ် ကိုယ်စားလှယ်နေရာ ၁၄၅ နေရာအနိုင်ရရှိခဲ့ပြီး Samagi Jana Balawegaya က ၄၅ နေရာ၊ Tamil National Alliance က ၁၀ နေရာနှင့် National People's Power က ၃ နေရာ အနိုင်ရရှိခဲ့ပါသည်။ အဓိကအတိုက်အခံပါတီဖြစ်သော United National Party သည် ပါတီတွင်း ခေါင်းဆောင်းပိုင်း အကွဲအပြဲဇာတ်လမ်းများပေါ်ပေါက်ခဲ့ပြီး သမိုင်းတစ်လျှောက် အဆိုးရွားဆုံးရလဒ်အဖြစ် ကိုယ်စားလှယ်နေရာ တစ်နေရာသာ အနိုင်ရရှိခဲ့ကာ စတုတ္ထနေရာတွင် ရပ်တည်ခဲ့ပါသည်။

နိုင်ငံတွင်း ကိုဗစ် - ၁၉ ဖြစ်ပွားမှုမြင့်တက်ခဲ့သည့်အတွက် ရွေးကောက်ပွဲကို အနည်းဆုံး ၂ ကြိမ် ရွှေ့ဆိုင်းခဲ့ရပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံသမိုင်းတွင် ယင်းရွေးကောက်ပွဲသည် ကပ်ရောဂါပြန့်ပွားနေချိန်၌ ကျင်းပသည့်

*စာမျက်နှာ ၉ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မာန်အောင်မြို့နယ်၌ ဖုန်းဟန်းဆက်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်း

**မာန်အောင် ဇူလိုင် ၁၁**

ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဖုန်းဟန်းဆက်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ယနေ့တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ် လမ်းညွှန်ချက်နှင့်အညီ သင်တန်းဆင်းပွဲ ကျင်းပသည်။

အဆိုပါသင်တန်း၌ မာန်အောင်မြို့နယ် ကျေးရွာအုပ်စုရှစ်အုပ်စု၊ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၀ တက်ရောက် သင်ကြားခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမောင်မောင်လွင်က သင်တန်းသားများအနေဖြင့် မိမိတို့ရရှိခဲ့သော လုပ်ငန်းပညာရပ်ကို ဆက်လက်တီထွင် ကြိုးစားလုပ်ဆောင်သွားကြရန်နှင့် မိမိတို့၏ မိသားစုစားဝတ်နေရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုသွားမည့်အပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် သင်တန်းသားများထံသို့ သင်တန်းဆင်းလက်မှတ်များနှင့် စံပြသင်တန်းသားဆုအပါအဝင် သင်တန်းနည်းပြဆရာများအား လက်ဆောင်ပစ္စည်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

*စာမျက်နှာ ၈ မှ*

ပထမဆုံးသော ရွေးကောက်ပွဲဖြစ်ပါသည်။ လုံခြုံရေးဝန်ထမ်း ၈၂,၀၀၀ ဦးခန့်နှင့် ကျန်းမာရေးဝန်ထမ်း ၆၀,၀၀၀ ဦးခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လူစုလူဝေးပြုလုပ်ခြင်းများအား ပိတ်ပင်ထားသည့်အတွက် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ကိုယ်စားလှယ်လောင်းများက ဦးဆောင်၍ လူမှုကွန်ရက်မီဒီယာအားအများဆုံးအသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ ရွေးကောက်ပွဲရလဒ်ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်နေ့ နေ့လယ်ပိုင်းတွင် စတင်ကြေညာပေးခဲ့ပါသည်။

## တွေ့ရှိချက်

သီရိလင်္ကာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ကျင်းပသည့် ဥပဒေပြုလွှတ်တော် ပါလီမန်ရွေးကောက်ပွဲများ၌ ဖော်ပြပါစနစ်အပေါ်တွင်သာ အခြေခံ၍ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရရှိသည့်ဆန္ဒမဲအရေအတွက်နှင့် ရရှိပိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်အရေအတွက် တိုက်ရိုက်အချိုးကျသည့်အတွက် အဆိုပါစနစ်သည် ၁၉၈၈ ခုနှစ်မတိုင်မီ အသုံးပြုခဲ့သည့် FPTP စနစ်ထက်ပိုမို၍ ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသည်ဟု မှတ်ယူနိုင်ပါသည်။ သို့သော် အချိုးမညီမှုဖြစ်စေသော အချက်အနေဖြင့် မဲဆန္ဒနယ်များတွင် အပိုဆောင်းကိုယ်စားလှယ် နေရာ (Bonus Seat) သတ်မှတ်ပေးခြင်းသည် ပါတီထောက်ခံသူ နိုင်ငံတစ်ဝန်းပျံ့နှံ့လျက်ရှိသည့် ပါတီငယ်များနှင့် အလယ်အလတ်ပါတီများအတွက် အခက်အခဲဖြစ်စေပါသည်။ အသုံးပြုသည့် ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ် Open List PR ဖြစ်ပြီး မဲဆန္ဒနယ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်နေရာသတ်မှတ်ပေး ခြင်းနှင့် အနိုင်ရရှိသည့် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့များသို့ ကိုယ်စားလှယ်နေရာခွဲဝေပေးခြင်းတို့ကို တွက်ချက်ရာတွင် စနစ်တကျ သတ်မှတ်ထား၍ ရှင်းလင်းမှုရှိကြောင်း တွေ့ရှိရပါသည်။

## နိဂုံး

အာရှတွင် ရှေးအကျဆုံးသော ဒီမိုကရေစီစနစ်ကို ပိုင်ဆိုင်ထားသည့် သီရိလင်္ကာနိုင်ငံသည် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများအတွက် အများဆုံးရသူအနိုင်ယူစနစ် (FPTP) ကို အစောပိုင်းနှစ်များတွင်အသုံးပြုခဲ့သော်လည်း ၁၉၇၈ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်း၍ အချိုးကျကိုယ်စားပြုစနစ် (PR) ကို အသုံးပြုခဲ့ပါသည်။ နိုင်ငံရေးပါတီများနှင့် တစ်သီး ပုဂ္ဂလအစုအဖွဲ့များသည် မိမိတို့ရရှိသည့် ဆန္ဒမဲအရေအတွက်နှင့် လျော်ညီသော ကိုယ်စားလှယ်အရေအတွက်ကို ကိုယ်စားပြုခွင့်ရသည့်အတွက် ဆန္ဒမဲများ အကျိုးမဲ့ဖြစ်မှုနည်းပါးသွားကာ ရွေးကောက်ပွဲတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု များပြားလာပြီး ဒီမိုကရေစီလမ်းစဉ် အောင်မြင်လာရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ခဲ့ကြောင်း နိဂုံးချုပ် ဖော်ပြအပ်ပါသည်။

## ရည်ညွှန်းကိုးကား


- Government and Society, Constitutional Framework by Election Commission of Sri Lanka
- Qualification To Be Elected As A Member Of Parliament by Election Commission of Sri Lanka
- Provisions for amendment by Election Commission of Sri Lanka
- A System of Electoral Representation For Sri Lanka: The Principles Behind The Choice
- 2020 Sri Lankan Parliamentary Election – Wikiwand
- The Constitution of the Democratic Socialist Republic of Sri Lanka ( 1978 )
- Official Website of the Sri Lanka Election Commission
- Sri Lanka’s parliamentary electoral process explained by Economynext
- သီရိလင်္ကာနိုင်ငံ ရွေးကောက်ပွဲစနစ် (ကော်မရှင်မှ ပြုစုထားသည့် စာစောင်)

❍ *ကျောဖုံးမှ*

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **ပဲခူးတိုင်းဒေသကြီး**

(၁) အုတ်တွင်းမြို့နယ်၊
(၂) ကဝမြို့နယ်၊
(၃) ကျောက်တံခါးမြို့နယ်၊
(၄) ဒိုက်ဦးမြို့နယ်၊
(၅) ဝေါမြို့နယ်၊
(၆) အုတ်ဖိုမြို့နယ်။

(ခ) **ရန်ကုန်တိုင်းဒေသကြီး**

(၁) တိုက်ကြီးမြို့နယ်၊
(၂) တာမွေမြို့နယ်၊
(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
(၄) ရန်ကင်းမြို့နယ်၊
(၅) သာကေတမြို့နယ်၊
(၆) သဃ်န်းကျွန်းမြို့နယ်၊
(၇) ခရမ်းမြို့နယ်၊
(၈) ကမာရွတ်မြို့နယ်၊
(၉) ကြည့်မြင်တိုင်မြို့နယ်၊
(၁၀) စမ်းချောင်းမြို့နယ်၊
(၁၁) ဒဂုံမြို့နယ်၊
(၁၂) လှိုင်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များ အတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်း လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ အေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင်မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၁၂-၇-၂၀၂၂ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

❖ *ကျောဖုံးမှ*

ယနေ့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းသည် မာတီနက်ဇ်၊ အော့တာမန်ဒီ၊ ဒီမာရီယာ၊ မက်ဆီ စသည့် အဓိက ကစားသမားအများစုဖြင့် ဘရာဇီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘရာဇီးအသင်းကလည်း အားထားရသည့် အီဒါဆင်၊ ဖရက်၊ ကက်စမဲရိုး၊ နေမာ၊ ရစ်ချတ်လီဆန်တို့ဖြင့် အာဂျင်တီးနားအသင်းကို ရင်ဆိုင်လာခဲ့သည်။ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် မှတ်တမ်းသစ်ရေးထိုးနိုင်ရန် အကောင်းဆုံးပြင်ဆင်လာသည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် အပြန်အလှန်ထိုးဖောက်မှုများနှင့်အတူ အကြိတ်အနယ်ရှိခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဒီမာရီယာက သွင်းယူပေးနိုင်ခဲ့သည်။ ဘရာဇီးအသင်းသည် အဖွင့်ဂိုးခွင့်ပြုခံရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း တိုက်စစ်ပိုင်းအဆုံးသတ်မသေချာမှုကြောင့် ချေပဂိုးနှင့် ဝေးကွာခဲ့ရပြီး ပထမပိုင်းကို အာဂျင်တီးနားအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဘရာဇီးအသင်းသည် ဖရက်၏နေရာကို ဖာမီနိုဖြင့် အစားထိုးခဲ့သည်။ ထို့နောက် ဘရာဇီးအသင်းသည် အာဂျင်တီးနားအသင်းကို ဂိုးကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားလာနိုင်ခဲ့သည်။ ပွဲချိန် ၅၂ မိနစ်တွင် ဘရာဇီးအသင်းမှ ရစ်ချတ်လီဆန် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း လူကျွံအနေအထားရောက်နေသည့်အတွက် နစ်နာခဲ့ရသည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အာဂျင်တီးနားအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကိုပါအမေရိကဖလားကို အသင်းသမိုင်းတစ်လျှောက် (၁၅) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းသည် အဆိုပါဖလားကို ၁၉၉၃ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်ဆွတ်ခူးနိုင်ခြင်းလည်း ဖြစ်သည်။

ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူသူအဖြစ် အာဂျင်တီးနားအသင်းမှ မက်ဆီနှင့် ကိုလံဘီယာအသင်းမှ ဒီယက်ဇ်တို့က လေးဂိုးစီဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုကို အာဂျင်တီးနား တိုက်စစ်ကစားသမား မက်ဆီက ရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို အာဂျင်တီးနားဂိုးသမား အမ်လီယာနိုမာတီနက်ဇ်က ရရှိခဲ့သည်။

**အောင်ဇော်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၇-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ကော်လံ ၃ ၌ မဲမသမာမှုဖြစ်ပွားခဲ့သော မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၃၀၅၃၉၀ ဦး **(အစား) မဲမသမာမှုဖြစ်ပွားခဲ့သော မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦး**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

---

# သိန္နီမြို့၌ ဈေးများ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်

**သိန္နီ ဇူလိုင် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်တွင် ဈေးများအား ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ယနေ့နံနက် ၆ နာရီခန့်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖွင့်လှစ်ရာတွင် သိန္နီမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများက သိန္နီမြို့မဈေးအတွင်း စားသောက်ကုန်များနှင့် ဆေးဝါးဆိုင်များသာ ဖွင့်လှစ်ရောင်းချခွင့်ပြုထားသည်။ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် စနစ်တကျတပ်ဆင်ခြင်း၊ အပူချိန်တိုင်းတာပေးခြင်း၊ လက်ဆေးဘေစင်များထားရှိခြင်း၊ ဈေးရောင်းချသူနှင့် ဈေးဝယ်သူ ခြောက်ပေအကွာရောင်းချစေခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ထိုသို့နေ့စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးညီညီမောင်ထံမှ သိရသည်။

**အိဇာချို(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရား ဖူးမြော်ခွင့်ယာယီရပ်ဆိုင်း

**မော်လမြိုင် ဇူလိုင် ၁၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားသို့ ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုခွင့်ကို ဂေါပကအဖွဲ့က ဇူလိုင် ၅ ရက်မှစတင်ပြီး ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိအတည်ပြုလူနာ များပြားလာမှုကြောင့် လူစုလူဝေးမဖြစ်ပေါ်စေရန်နှင့် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ယာယီရပ်ဆိုင်းထားခြင်းဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလူနာများထားရှိရန် ကျိုက်ခ္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရား ပရိဝုဏ်အတွင်းရှိ အဆောက်အအုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားသို့ ရပ်နီး၊ ရပ်ဝေးဘုရားဖူးဧည့်သည်များ ပြန်လည်လာရောက် ဖူးမြော်ကြည်ညိုခွင့်ပြုမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ရုံးအဖွဲ့မှူး ဦးဖိုးငြိမ်းထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်း

**ကော့ကရိတ် ဇူလိုင် ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဇွန် ၁၈ ရက်မှ ယမန်နေ့အထိ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့လူနာ ၂၁၀ ရှိပြီဖြစ်ရာ မြို့နယ် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမှတ်(၁၀၂၂) နယ်ခြားစောင့်တပ် အမှတ် (၄) တပ်နယ်မှူးကြီး စောမုတ်သုန်နှင့် ဇနီး ဒေါ်ဖောဖော တို့အား အမှူးထား၍ တပည့်သားသမီးများက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ ညနေ ၁ နာရီခွဲက အမှတ် (၇)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်လှူဒါန်းရာတွင် အမှတ် (၁၀၂၂) နယ်ခြားစောင့်တပ် အမှတ် (၄)တပ်နယ်မှူးကြီး စောမုတ်သုန် နှင့် ဇနီး ဒေါ်ဖောဖောတို့အား အမှူးထား၍ တပည့်သားသမီးများ(ကိုယ်စား) တာဝန်ရှိသူတစ်ဦးက အလှူငွေကျပ် ၆၈၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စောအောင်မျိုးလွင် (ပြန် / ဆက်)**



## မင်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ မွေးလူနာ ခွဲစိတ်မွေးဖွားမှုအောင်မြင်

**မင်းလှ ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့်ကိုယ်ဝန်ဆောင်အမျိုးသမီးကို ဇူလိုင် ၁၀ ရက် ညနေပိုင်းက စစ်ကွင်းတိုက်နယ်ဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

စစ်ကွင်းမြို့ ဆေးရုံလမ်းနေ အသက် (၃၇ နှစ်)အရွယ်ရှိ မွေးဖွားလူနာသည် မင်းလှပြည်သူ့ဆေးရုံသို့ လာရောက်ပြသစဉ် RDT Test kit ဖြင့် စစ်ဆေးခဲ့ရာ ကိုဗစ်ရောဂါပိုးတွေ့ရှိခဲ့ပြီး ပြည်သူ့ဆေးရုံ၌ ရောဂါကူးစက်ခံရသူများထားရှိကုသနေသဖြင့် မင်းလှလူမှုကွန်ရက် ပရဟိတအသင်းမှ စစ်ကွင်းတိုက်နယ်ဆေးရုံ သားဖွားဆောင်သို့ ကူညီပို့ဆောင်ပေးခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းဦးဆောင်သည့် ကျန်းမာရေးအဖွဲ့မှ မွေးဖွားလူနာကို ခွဲစိတ်မွေးဖွားပေးခဲ့ရာ သားယောကျ်ားလေးတစ်ဦး အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။



မင်းလှမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း သုံးမြွာပူးခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ကိုဗစ်ကူးစက်ခံရသည့် မွေးလူနာကို ဒုတိယမြောက် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ပေါက်စ (မင်းလှ)**

## နမ့်လန်မြို့ရှိ ဖြူစင်နှလုံးသား ပရဟိတအသင်းသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်း

**သီပေါ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်မြို့ ဖြူစင်နှလုံးသားပရဟိတအသင်းသို့ လူမှုကူညီရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန် ငွေကျပ် သိန်း ၁၄၀ ကျော်တန်ဖိုးရှိ လူနာတင်ယာဉ် (လိုင်စင်ပါ) တစ်စီး ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ပြည့်ဝရတနာရောင်းဝယ်ရေး ဦးအောင်မျိုးဝင်း- ဒေါ်နန်းနု နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးအောင်မျိုးဝင်းက လူနာတင်မော်တော်ယာဉ်လှူဒါန်းရခြင်းအကြောင်းကို ပြောကြား၍ နမ့်လန်အုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းရွှန်းက ဂုဏ်ပြုစကားပြောကြားပြီး ဖြူစင်နှလုံးသားပရဟိတအသင်းဥက္ကဋ္ဌ ဦးရန်နိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အလှူရှင် ဦးအောင်မျိုးဝင်းက မော်တော်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဖြူစင်နှလုံးသား ပရဟိတအသင်းဥက္ကဋ္ဌ ဦးရန်နိုင်စိုးထံ ပေးအပ်လှူဒါန်းသည်။ **စိုင်းသာလှိုင်**

**ကိုဗစ်ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၉၆၀၁ ဦးနှင့် အတွင်းလူနာပေါင်း ၇၈၃၁၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၄၉၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၆၅၀ စုစုပေါင်း ၁၉၁၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၃၄၇ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၉၉၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၃၄၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ CDM ပြုလုပ်နေသူများအား ငွေကြေးထောက်ပံ့သူ အမျိုးသမီးတစ်ဦးနှင့် CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့အား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ CDM ပြုလုပ်နေသူများအား ငွေကြေးထောက်ပံ့သူ အမျိုးသမီးတစ်ဦးနှင့် CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့အား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(B-14)နေ ဒေါ်ဝင်းသီ(၄၇ နှစ်) (ဘ)ဦးထွန်းအောင်သည် CDM ပြုလုပ်နေသူများအား ငွေကြေးထောက်ပံ့ခြင်းပြုလုပ်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်၌ သွားရောက်ရှာဖွေခဲ့ရာ ဒေါ်ဝင်းသီအား နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ မန္တလေးတောင်ခြေရှိ ဦးခန္တီဘုန်းကြီးကျောင်းတိုက်အတွင်း၌ CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ၎င်းဘုန်းကြီးကျောင်းတိုက်အတွင်းသို့ သွားရောက်စစ်ဆေးခဲ့ရာ CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ ရဲဒုတပ်ကြပ် ရဲလင်း၊ မြို့သာမြို့မရဲစခန်းမှ ရဲတပ်သား ညီညီမင်းထက်နှင့် ကျောက်ဆည်မြို့မရဲစခန်းမှ ရဲတပ်သား ဝင်းနိုင်ကိုတို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ည ၆ နာရီ ၅ မိနစ်ခန့်တွင် ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာ၌ CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးအဖွဲ့အား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သောကြောင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင် သုံးဦးတို့ကို လက်လုပ်မိုင်းခြောက်လုံး၊ I-Con နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များဖြစ်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ချမ်းအေးသာစံ)မှ ရဲတပ်သား ခန့်ကိုကိုမောင်တွင် ကျောကုန်းကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်ရရှိ သေဆုံးခဲ့ကာ ရဲဒုတပ်ကြပ် ဖိုးပြည့်တွင် ဝဲလက်ညှိုးထိမှန်ဒဏ်ရာရရှိခဲ့ပြီး သဲကုန်းမြို့မရဲစခန်းမှ ရဲတပ်သား ကျော်မင်းထက်အား ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ဖမ်းဆီးရမိခဲ့သည်။


(ဝဲမှယာ)တရားခံ ရဲဒုတက ရဲလင်း၊ ရဲတသ ညီညီမင်းထက်၊ ရဲတသ ဝင်းနိုင်ကို
(ဝဲမှယာ)တရားခံ ရဲဒုတက ဖိုးပြည့်(ဒဏ်ရာရ)၊ ရဲတသ ကျော်မင်းထက်၊ ရဲတသ ခန့်ကိုကိုမောင်(သေဆုံး)

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိခဲ့သည့် CDM ပြုလုပ်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရွှေဆိုင်တစ်ဆိုင်အား သေနတ်ပြ၍ ခြိမ်းခြောက်လုယူရန်ကြိုးစားခဲ့သူ ငါးဦးအား ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဖမ်းဆီးခဲ့ရာ လုယူရန်ကြိုးစားခဲ့သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိ


ဝေယံ(ခ)အသေးလေးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရွှေဆိုင်တစ်ဆိုင်အား သေနတ်ပြ၍ ခြိမ်းခြောက်လုယူရန်ကြိုးစားခဲ့သူ ငါးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဖမ်းဆီးခဲ့ရာ လုယူရန်ကြိုးစားခဲ့သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၅ မိနစ်ခန့်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း အမှတ်(၄၅) သမိုင်းခုံးကျော်တံတားအဆင်းရှိ “လှသီတာ” ရွှေဆိုင်သည် ဖွင့်လှစ်ရောင်းချရန် ပြင်ဆင်နေစဉ် အဆိုပါဆိုင်ရှေ့သို့ YGN 7D-8630 Toyota Crown အဖြူရောင်ယာဉ်တစ်စီး ရောက်ရှိလာပြီး ယာဉ်ပေါ်မှ အမျိုးသားငါးဦးက ဆိုင်အတွင်း ဝင်ရောက်ကာ သေနတ်ပြခြောက်လှန့်၍ ဆိုင်အတွင်းရှိ ရွှေထည်ပစ္စည်းများအား လုယူရန်ကြိုးစားခဲ့သည်ကို အဆိုပါဆိုင်ရှင်ဖြစ်သူနှင့် လုံခြုံရေးဝန်ထမ်းများ၊ ဆိုင်ဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အကြမ်းဖက်သူလေးဦးမှာ အဆိုပါမော်တော်ယာဉ်ဖြင့်ပင် မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေး မီးခွက် (၁)လမ်း အမှတ်(၂၈၉)နေ ဝေယံ(ခ)အသေးလေး (၁၈ နှစ်) (ဘ) ဦးမျိုးဇော်အား ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ရှစ်တောင့်၊ ကျည်ခွံတစ်ခုတို့နှင့်အတူ ဖမ်းဆီးရရှိခဲ့သည်။

ထိုကဲ့သို့ သေနတ်ပြခြောက်လှန့်၍ ရွှေထည်ပစ္စည်းများအား လုယူရန်ကြိုးစားခဲ့ပြီး ထွက်ပြေးသွားသူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖမ်းဆီးရမိသူ ဝေယံ(ခ)အသေးလေးအား စစ်ဆေး၍ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

အဆိုပါ လက်ဖက်ရည်ဆိုင်တွင် မွန်စံပြ(၇)လမ်း ဟင်္သာကုန်းရပ်ကွက်နေရာအိမ်မှူး ဦးသောင်းငွေ(ခ) သကြားလုံး(၆၂ နှစ်) (ဘ)ဦးကလွေပါ အမျိုးသားငါးဦးတို့မှာ လက်ဖက်ရည်ထိုင်သောက်နေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်အတွင်းသို့ သေနတ်ဖြင့် ငါးချက်ပစ်ခတ် မောင်းနှင်ထွက်ပြေးသွားသဖြင့် ဦးသောင်းငွေ(ခ) သကြားလုံးတွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး တစ်ရပ်ကွက်တည်းနေ ဦးထွန်းထွန်းဦး (၄၉ နှစ်) (ဘ)ဦးချစ်သောင်းတွင် ဝမ်းဗိုက်၊ ယာလက်မောင်း၊ ယာနံဘေး ကျည်ဖောက်ဝင်ဒဏ်ရာ၊ ဦးဌေးကျော် (၄၈ နှစ်) (ဘ)ဦးဘကြိုင်တွင် ဝဲဘက်နားအနောက်ဘက် ကျည်ရှပ်ထိဒဏ်ရာ၊ ဦးအောင်ထွန်း(ခ) ဦးထွန်း (၇၂ နှစ်) (ဘ)ဦးနိုင်အောင်ထွန်းတွင် ယာပခုံး ကျည်ဖောက်ဝင်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ပဲခူးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဦးထွန်းထွန်းဦးမှာ ထပ်မံသေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားသူများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းလျက်ရှိစဉ် တာဝန်သိပြည်သူများက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အောက်စုပိုင်းရပ်ကွက် ကျိုက္ကစင်လယ်ကွင်း၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ကိုင်သူများ ရောက်ရှိနေကြောင်း သတင်းပေးပို့မှုအရ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျိုက္ကစင်လယ်ကွင်း အတွင်းမှ နေအောင်(၂၅ နှစ်) (ဘ)ဦးသိန်းနိုင် ပိုင်ဆိုင်သည့်


(ဝဲမှယာ)တရားခံ သန်းထိုက်၊ ကြည်စိုး၊ စနေ၊ အောင်အောင်၊ နေအောင်


သနပ်ပင်မြို့နယ်တွင် ဖမ်းဆီးရမိသည့် အကြမ်းဖက်ဖောက်ခွဲရေးသမားငါးဦးနှင့် ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရစဉ်။

လယ်တဲအတွင်းမှ နေအောင်နှင့် အောင်အောင်တို့ နှစ်ဦးအား ဂျင်ကလိ ရှစ်ချောင်း၊ ဒူးလေးတစ်လက်၊ ဖုန်းခွတ်ခဲတစ်ခု၊ လက်လုပ်မိုင်းတစ်လုံး၊ ပြုလုပ်ဆဲ လက်လုပ်မိုင်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်ရှာဖွေခဲ့ရာ အဆိုပါ လယ်တဲအနီးတွင် အပြာရောင်မိုးကာစ အုပ်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ မြေကြီးထဲ၌မြှုပ်ထားသော အဝါရောင်ကော်ပုံးအတွင်းမှ ဝိုင်ယာကြိုး တပ်ဆင်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ ယမ်းကြိုး တပ်ဆင်ထားသည့် လက်လုပ်မိုင်း ၁၃ လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အနီးတွင်ရှိနေသော ကမာနတ်ကျေးရွာနေ စနေ(၂၃ နှစ်)၊ (ဘ)ဦးတင်စိုး၊ သန်းထိုက်နှင့် ကြည်စိုးတို့သုံးဦးအား တွေ့ရှိရသဖြင့် ထိန်းသိမ်းဖမ်းဆီးခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်ဖောက်ခွဲရေးသမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဆစ်ဒနီတွင် ၂၀၂၀ ဒီဇင်ဘာလအတွင်းက အသွားအလာကန့်သတ်မှုကြောင့်လူသူရှင်းလင်းနေသည်ကို တွေ့ရစဉ်။

# ဆစ်ဒနီမြို့၌ ကိုဗစ် -၁၉ စည်းကမ်းချက်များကန့်သတ်

**ဆစ်ဒနီ ဇူလိုင် ၁၁**

ဩစတြေးလျနိုင်ငံ၏ မြို့ကြီးဖြစ်သည့် ဆစ်ဒနီ၌ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုများကြောင့် စည်းကမ်းကန့်သတ်ချက်များကို တင်းကျပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယ၌ ပထမဆုံးတွေ့ရှိခဲ့သည့် ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို လွန်ခဲ့သည့်လအတွင်းမှ စတင်ကာ ဩစတြေးလျတွင် တွေ့ရှိလာရသည်။

ဆစ်ဒနီမြို့တည်ရှိသည့် နယူးဆောက်ဝေးလ်ပြည်နယ်တွင် ကူးစက်မှုများ အဆမတန်များပြားလာမည့် အခြေအနေသို့ဦးတည်နေသည်။ ဇူလိုင် ၉ ရက်က အရှေ့တောင်ပိုင်းပြည်နယ်တွင် ကူးစက်မှု ၄၄ ခု တွေ့လာရသည်။

ဆစ်ဒနီတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ထားသည်မှာလည်း ဇူလိုင် ၉ ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်သည်။

အသစ်ချမှတ်ထားသော တင်းကျပ်သည့် စည်းကမ်းချက်များအရ ပြည်သူများသည် မိမိတို့နေအိမ်မှ ၁၀ ကီလိုမီတာအကွာသို့သာ သွားလာခွင့်ရှိမည်ဖြစ်သည်။ တစ်အိမ်ထောင်လျှင် တစ်ဦးသာ အပြင်ထွက်၍ လိုအပ်သည့် အစားအသောက်နှင့် ကုန်ပစ္စည်းများ ဝယ်ယူခွင့်ရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် စိတ်ပျက်ကာ မောပန်းနေကြပြီဖြစ်သည်ကို နားလည်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောသည်။ ဩစတြေးလျနိုင်ငံသည် နယ်စပ်ထိန်းချုပ်ခြင်းအပါအဝင် အခြားသော တင်းကျပ်မှုများ လုပ်ဆောင်ခြင်းဖြင့် ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပဋိပက္ခများကြားမှ အီသီယိုးပီးယားဝန်ကြီးချုပ် ရွေးကောက်ပွဲတွင် အနိုင်ရ

**အဒစ္စအဘာဘာ ဇူလိုင် ၁၁**

အီသီယိုးပီးယားနိုင်ငံတွင် ဇွန် ၂၁ ရက် ပါလီမန်ရွေးကောက်ပွဲအပြီး လက်ရှိဝန်ကြီးချုပ် အဘီအာမက်သည် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ရန် အခွင့်အရေးရခဲ့သည်။

ရွေးကောက်ပွဲဘုတ်အဖွဲ့၏ပြောကြားချက်အရ အဘီအာမက်၏ ပါတီမှာရွေးကောက်ပွဲတွင် နေရာအများဆုံးအနိုင်ရခဲ့သည်ဟု သိရသည်။ နေရာ ၄၃၆ တွင် ၄၁၀ အနိုင်ရရှိခဲ့သည်ဟု သိရသည်။ မဲဆန္ဒနယ် ၅၄၀ တွင် ငါးနှစ်တစ်ကြိမ် မဲပေးမှုပြုလုပ်လေ့ရှိသည်။

ယခင်နှစ်ကတည်းက ရွေးကောက်ပွဲပြုလုပ်ရမည် ဖြစ်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ရက်ရွှေ့ခဲ့ရသည်။ ယခုနှစ် ပြုလုပ်သည့် မဲပေးပွဲကိုမူ တီဂရေးနယ်မြေနှင့် အခြားသော ဒေသအချို့တွင် ပြုလုပ်နိုင်ခဲ့ခြင်း မရှိပေ။

မဲပေးပွဲမပြုလုပ်နိုင်သည့်ရာခိုင်နှုန်းမှာ မဲဆန္ဒနယ်၏ ၂၀ ရာခိုင်နှုန်းရှိသည်။ နိုင်ငံမြောက်ပိုင်းတွင်ရှိသည့် တီဂရေးနယ်မြေတွင် ဗဟိုအစိုးရတပ်များနှင့် ပဋိပက္ခများဖြစ်ပွားနေသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ဇူလိုင်လကုန်ပိုင်းတွင် သက်ကြီးရွယ်အို ၇၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးပေးနိုင်တော့မည်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံတွင် အသက် ၆၅ နှစ်နှင့်အထက် ၇၅ ရာခိုင်နှုန်းမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ပြီး အများစုမှာ ဇူလိုင်လကုန်ပိုင်းတွင် နှစ်ကြိမ်ကာကွယ်ဆေးထိုးပေးနိုင်တော့မည်ဟု ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်သည့်အစိုးရသတင်းအချက်အလက်များအရ သိရသည်။

ဧပြီလအတွင်းမှ စတင်ကာ သက်ကြီးရွယ်အိုများကိုကာကွယ်ဆေးထိုးနှံပေးမှုများ စတင်ခဲ့သည်။ စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပြီး အသက် ၆၅ နှစ်အောက်များကိုကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် လုပ်ငန်းများ ချဲ့ထွင်ခဲ့သော်လည်း ကာကွယ်ဆေးကိုလုံလောက်သည့်ဖြန့်ဝေမှုမပြုလုပ်နိုင်ခဲ့ပေ။




ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ဇူလိုင် ၉ ရက်အထိ လူပေါင်း ၂၆ ဒသမ ၆၅ သန်း သက်ကြီးရွယ်အို ၇၅ ဒသမ ၁ သန်းကို အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။ ဇူလိုင် ၁၀ ရက်က တိုကျိုတွင် ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၉၅၀ ထပ်မံတွေ့ရှိခဲ့ပြီး ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၂၂ ရက်အထိ တိုကျိုမြို့သူ မြို့သားများအရေးပေါ် အခြေအနေအောက်တွင် နေထိုင်ရမည်ဖြစ်သည်။

**ကျိုဒို**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် – ၁၉ လူနာ များပြားလာ ဆေးဘက်သုံးအောက်ဆီဂျင်ပြတ်တောက်မှုနှင့် ရင်ဆိုင်နေကြရ

**ဂျကာတာ ဇူလိုင် ၁၁**

အင်ဒိုနီးရှားနိုင်ငံရှိဆေးရုံများ၌ ကိုဗစ် -၁၉ လူနာများပြားလျက်ရှိပြီး ဆေးဘက်သုံးအောက်ဆီဂျင်ပြတ်တောက်မှုနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်ဟုသိရသည်။ ကိုဗစ် -၁၉ လူနာများမှာ တစ်စတစ်စများပြားနေပြီး ဆေးရုံများတွင် အောက်ဆီဂျင်ဖြည့်တင်းပေးနိုင်မှုမှာ နည်းပါးလာသည်။




အင်ဒိုနီးရှားနိုင်ငံ ရော့ရာကာတာရှိ ဆေးရုံတစ်ရုံ၌ အောက်ဆီဂျင်ဘူးသယ်ဆောင်လာသည့် ဆေးဝန်ထမ်းများကို တွေ့ရစဉ်။

အချို့သော ဆေးရုံများတွင် အသက်ရှူလမ်းကြောင်းပြဿနာဖြင့်ဆေးရုံတက်ရမည့် လူနာသစ်များကို လက်ခံနိုင်တော့ခြင်းမရှိသည့် အခြေအနေသို့ ရောက်လာသည်။ ဇူလိုင် ၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ လူနာ ၂၄၉၁၀၀၆ ဦးရှိခဲ့ပြီး သေဆုံးသူ ၈၂၆ ဦးရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်ဒိုနီးရှား ပြည်သူ့ကျန်းမာရေးကျွမ်းကျင်သူများအဖွဲ့ကလည်း ဇွန်လနှင့် ဇူလိုင်လတို့တွင် ကူးစက်မှုများ သိသိသာသာတိုးလာမည်ဟု ခန့်မှန်းခဲ့ကြသည်။ ဇွန်လအစောပိုင်းမှ ဇူလိုင်လအစောပိုင်းအထိ လူပေါင်း ၃၂၄ ဦးမှာ နေအိမ်၌သာ ဆေးဝါးကိရိယာမပြည့်မစုံဖြင့် ကုသခဲ့ရ၍ သေဆုံးခဲ့ရသည်ဟု သိရသည်။ အင်ဒိုနီးရှားစက်မှုဝန်ကြီး အာဂတ်စ်ဂမ်မီဝင်းက အင်ဒိုနီးရှားဓာတ်ငွေ့ထုတ်လုပ်ရေးအသင်းနှင့် တွေ့ဆုံကာ ဆေးရုံများမှ ကိုဗစ် – ၁၉ လူနာများအတွက် ဆေးဘက်သုံးအောက်ဆီဂျင် လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်ရေး ဆွေးနွေးတိုင်ပင်ခဲ့သည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၆၃၀ အထိ ရှိလာ

**ဗီယင်ကျန်း ဇူလိုင် ၁၁**

လာအိုကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ ဇူလိုင် ၁၀ ရက်တွင် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရသူ ၉၃ ဦး ရှိခဲ့ပြီးနောက် စုစုပေါင်း ကူးစက်ခံရသူ ၂၆၃၀ အထိ ရှိလာသည်ဟု သိရသည်။

ပြည်ပမှကူးစက်ခံလာရသူ ၉၁ ဦး ရှိပြီး ပြည်တွင်းကူးစက်မှု နှစ်ခုရှိသည်။ အိမ်နီးချင်းနိုင်ငံများမှ ပြန်လာသူများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရေးအတွက် နယ်စပ်များကို ကောင်းစွာကြည့်ရှုထိန်းချုပ်ရန်လည်း မှာကြားထားသည်။

လာအိုနိုင်ငံတွင် ပြန်လည်ကျန်းမာလာသည့် လူနာ ၂၁၇၄ ဦး ရှိသည်။

**ဆင်ဟွာ**

# ဗိုင်းရပ်စ်ကို တောမီးလိုဆက်လက်ပျံ့နှံ့ခွင့်ပေးမယ်ဆိုရင် သန်းနဲ့ချီတဲ့လူသားတွေအန္တရာယ်ရှိလာနိုင်

## ထွန်းကျော်

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ဖို့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာ နှစ်ပတ်ကြာ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုကို မကြာသေးမီက ချမှတ်အကောင်အထည်ဖော်လိုက်သလို ၂၀၂၁ ခုနှစ်ကုန်မှာ အသက် ၁၈ နှစ်နဲ့အထက် လူဦးရေ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးဖို့ ကြေညာခဲ့ပါတယ်။ နောက်နှစ် မတ်လမှာ နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။




ဗီယက်နမ်နိုင်ငံ ကျောင်းတစ်ကျောင်းအနီး၌ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

### ဗီယက်နမ်နိုင်ငံမှာ လူလေးသန်းခန့် ကာကွယ်ဆေးထိုးပြီး

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဟာ မရှိမဖြစ်လိုအပ်သလို ကိုဗစ်-၁၉ ကပ်ရောဂါကိုထိန်းချုပ်ဖို့ အရေးပါတဲ့ ဆောင်ရွက်ချက်လည်း ဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့လည်း အရေးပါလှပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်မှာ ဖော်ပြခဲ့ပါတယ်။

လူပေါင်း သန်း ၁၀၀ လောက်နေထိုင်တဲ့နိုင်ငံမှာ ဧပြီလအထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၃၀၀၀ အောက်သာရှိခဲ့ပါတယ်။ ဇူလိုင် ၉ ရက်မှာတော့ ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူပေါင်း ၂၄၈၁၀ ရှိလာခဲ့သလို ၁၀၄ ဦး ထပ်မံသေဆုံးခဲ့တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာ လူလေးသန်းခန့် ကာကွယ်ဆေးထိုးပြီးပြီ ဖြစ်ပါတယ်။ အဲဒီထဲကမှ လူပေါင်း ၂၄၀၀၀၀ ဟာ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးပြီ ဖြစ်ပါတယ်။ ဒါဟာ လူဦးရေရဲ့ ၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိပါတယ်။

### နှစ်ဦးထက်လူစုလူဝေးလုပ်ခြင်းကို လုံးဝတားမြစ်

ဟိုချီမင်းမြို့ခံ ကိုးသန်းလောက်ဟာ နှစ်ဦးထက်ပို၍ လူစုလူဝေးလုပ်ခြင်းကို လုံးဝတားမြစ်လိုက်ပါတယ်။ ဒါ့အပြင် အစားအစာဝယ်ခြင်းနဲ့ ဆေးဝယ်ခြင်းကဲ့သို့သော အရေးပေါ်ကိစ္စမှလွဲ၍ နောက်ထပ်သီတင်းပတ်နှစ်ပတ် နေအိမ်ပြင်ပထွက်ခြင်းကိုလည်း တားမြစ်ထားပါတယ်။

### ဖိလိပ်ပိုင်

တစ်ချိန်တည်းမှာပဲ ဖိလိပ်ပိုင်ဝန်ကြီးချုပ် ဖရန့်ခ်ဘိုင်နီမာရာမာက တောင်ပစိဖိတ်နိုင်ငံဟာ ဒေသခံများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ထူးခြားတဲ့နည်းလမ်းတစ်ခုကို စီမံထားပါတယ်။ ဒါကတော့ ကာကွယ်ဆေးမထိုးရင် အလုပ်မလုပ်ရတဲ့နည်းလမ်းပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဟာ ဘေးကင်းစိတ်ချရပြီး အခုတော့ ဒါဟာ အစိုးရရဲ့မူဝါဒတစ်ရပ်ဖြစ်လာကာ တင်းကျပ်တဲ့ ဥပဒေတွေနဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။

### ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်ရ

လူဦးရေ ၉၀၀၀၀၀ လောက်ရှိတဲ့ ဖီဂျီနိုင်ငံဟာ ဧပြီလကတည်းက ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရပါတယ်။

ဧပြီလမတိုင်ခင်က ဖီဂျီနိုင်ငံမှာ ဘယ်လို ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှ ကူးစက်ဖြစ်ပွားခြင်းမရှိသေးပါဘူး။ ဇူလိုင် ၉ ရက်မှာတော့ ဖီဂျီနိုင်ငံမှာ ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူ ၈၆၆၁ ဦး ရှိလာပြီး သေဆုံးသူကလည်း ၄၈ ဦးအထိ ရောက်ရှိလာတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြထားပါတယ်။

### အလုပ်မှ ထုတ်ပယ်ခြင်းခံရမည်

ဝန်ကြီးချုပ်က ပြည်သူ့ဝန်ထမ်းများအားလုံး ဩဂုတ် ၁၅ ရက်မတိုင်မီ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးရသေးပါက အလုပ်မှ အတင်းအကျပ်အနားယူခိုင်းမည်ဖြစ်ကြောင်းနဲ့ နိုဝင်ဘာ ၁ ရက်မှာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးရသေးပါက အလုပ်မှထုတ်ပယ်ခြင်းခံရမည်ဖြစ်ကြောင်း ပြောပါတယ်။

ပုဂ္ဂလိကကဏ္ဍ အလုပ်သမားများအနေဖြင့်လည်း ဩဂုတ် ၁ ရက်နေ့မတိုင်မီ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့လိုကြောင်းနဲ့ မထိုးရသေးပါက ဒဏ်ရိုက်ခံရမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီကိုလည်း ပိတ်သိမ်းဖို့ ခြိမ်းခြောက်သွားမှာ ဖြစ်တယ်လို့ ဝန်ကြီးချုပ်က ဆိုပါတယ်။

အခုချိန်ထိတော့ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၈၀၀၀၀ ရှိလာပြီဖြစ်တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးခြေရာခံမှုဆိုင်ရာ အချက်အလက်က ဖော်ပြထားပါတယ်။

### ဂျပန်နိုင်ငံ
### ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ

ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီဒဲဆူဂါက အိုလံပစ်အားကစားပြိုင်ပွဲကြီးကို တင်းကျပ်တဲ့ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေအောက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့ ပြောကြားလိုက်သော်လည်း ပွဲကြည့်ပရိသတ်တွေကိုတော့ တားဆီးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ရဲ့အခြေအနေကို ထည့်သွင်းတွက်ချက်ရင်း နိုင်ငံတစ်ဝန်း နောက်တစ်ဖန် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုများကိုလည်း ထိန်းချုပ်နိုင်အောင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ရေးကို နောက်တစ်ဆင့်မြှင့်တင်ဖို့လိုတယ်လို့ ဆူဂါက ပြောပါတယ်။

### အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းထားမယ်

အိုလံပစ်အားကစားပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်က ဒီနှစ်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်လာတဲ့အတွက် ရွှေ့ဆိုင်းထားပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူ လေးသန်းကျော် ရှိလာပြီဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကို တောမီးလို ဆက်လက်ပျံ့နှံ့ခွင့်ပေးမယ်ဆိုရင်တော့ သန်းချီတဲ့လူသားတွေ ပိုပြီး အန္တရာယ်ရှိလာနိုင်တယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သတိပေးပြောကြားလိုက်ပါတယ်။

**ကိုးကား (အေအက်ဖ်ပီ)**

❒ **ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူ လေးသန်းကျော်ရှိလာပြီဖြစ်၊ ဗိုင်းရပ်စ်ကို တောမီးလို ဆက်လက်ပျံ့နှံ့ခွင့်ပေးမယ်ဆိုရင်တော့ သန်းချီတဲ့လူသားတွေ ပိုပြီး အန္တရာယ်ရှိလာနိုင်တယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က သတိပေးပြောကြား**

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄၆၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၈၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၈၃၈ ဦး ရှိ

### (၁၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၁၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃,၄၆၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၈၆၆,၈၁၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၉၂,၂၁၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၄၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၆,၃၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၈၃၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၁) ခု | (၂၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၇၇) ခု | (၃၅၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၂) ခု | (၄၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၁၁) ခု | (၁၈၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၅၂) ခု | (၇၀၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၉၁၄) ခု | (၂,၁၅၃) ဦး |
| စုစုပေါင်း | (၁၀,၁၁၇) ခု | (၃,၄၆၁) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၁၁ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၇၂၆၁၁၁ | ၂၉၂၃၄၉၃၀ | ၆၂၂၈၂၁ |
| ၂။ | အိန္ဒိယ | ၃၀၈၃၇၂၂၂ | ၂၉၉၇၅၀၆၄ | ၄၀၈၀၇၂ |
| ၃။ | ဘရာဇီး | ၁၉၀၆၉၀၀၃ | ၁၇၅၃၀၃၆၉ | ၅၃၂၉၄၉ |
| ၄။ | ပြင်သစ် | ၅၈၀၈၃၈၃ | ၅၆၄၅၉၉၀ | ၁၁၁၃၂၁ |
| ၅။ | ရုရှား | ၅၇၈၃၃၃၃ | ၅၂၀၀၂၁၉ | ၁၄၃၀၀၂ |
| ၆။ | တူရကီ | ၅၄၇၆၂၉၄ | ၅၃၄၄၁၀၂ | ၅၀၁၉၂ |
| ၇။ | ဗြိတိန် | ၅၀၈၉၈၉၃ | ၄၃၅၅၄၂၃ | ၁၂၈၃၉၉ |
| ၈။ | အာဂျင်တီးနား | ၄၆၃၉၀၉၈ | ၄၂၆၄၉၃၇ | ၉၈၅၀၁ |
| ၉။ | ကိုလံဘီယာ | ၄၄၉၂၅၃၇ | ၄၂၂၈၁၉၈ | ၁၁၂၂၉၈ |
| ၁၀။ | အီတလီ | ၄၂၆၉၈၈၅ | ၄၁၀၁၁၀၂ | ၁၂၇၇၆၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၁၁ – ၇ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၅၂၇၂၀၃ | ၂၀၈၄၇၂၄ | ၆၆၄၆၄ |
| ဖိလစ်ပိုင် | ၁၄၇၃၀၂၅ | ၁၃၉၇၄၀၃ | ၂၅၉၂၁ |
| မလေးရှား | ၈၃၆၂၉၆ | ၇၄၂၂၉၇ | ၆၁၅၈ |
| ထိုင်း | ၃၃၆၃၇၁ | ၂၄၇၉၇၁ | ၂၇၁၁ |
| မြန်မာ | ၁၉၂၂၁၃ | ၁၄၆၃၅၈ | ၃၈၃၈ |
| စင်ကာပူ | ၆၂၆၉၂ | ၆၂၃၉၇ | ၃၆ |
| ကမ္ဘောဒီးယား | ၆၀၉၅၉ | ၅၂၄၇၅ | ၉၀၂ |
| ဗီယက်နမ် | ၂၈၄၇၀ | ၉၂၀၄ | ၁၁၂ |
| လာအို | ၂၇၁၉ | ၂၁၇၄ | ၃ |
| ဘရူနိုင်း | ၂၆၈ | ၂၅၅ | ၃ |

## မုဒုံမြို့နယ်၌ နှာခေါင်းစည်း အခုရေ ၃၀၀၀၀ ပြည်သူများထံ အခမဲ့ဖြန့်ဝေ

မုဒုံ ဇူလိုင် ၁၁

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ လူစည်ကားရာနေရာများ၊ ဈေးများ၊ လမ်းဆုံလမ်းခွနေရာများတွင် ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှုကို မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမာဝက်မြို့ အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းကာ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာသူများ၊ ဈေးရောင်း၊ ဈေးဝယ်သူများ မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်ရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုဆိုင်ရာ ညွှန်ကြားချက်များအား တိကျစွာအလေးထားလိုက်နာ ဆောင်ရွက်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး နှာခေါင်းစည်းအခုရေ ၃၀၀၀၀ ကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးသည်။

အောင်မျိုးသူ(ပြန်/ဆက်)



## ဘေးအန္တရာယ်အပေါင်းနှင့် ကပ်ရောဂါကင်းဝေးစေရေးအတွက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသည့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်

**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၀ ရက် နံနက် ၁၀နာရီခွဲက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်ပေါ် အရှေ့ဘက်မုခ်အနီးရှိ တေဒဂ်ရပုဂ္ဂိုလ်ထူးများ၏ စံကျောင်းတော်ကြီး၌ သတ္တဝါများ ဘေးအန္တရာယ်အပေါင်းနှင့် ကပ်ရောဂါအပေါင်းမှ ကင်းဝေးစေရေးအတွက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် ဆရာတော် ၁၅ ပါးအတွက် နဝကမ္မအလှူငွေ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ခဲ့ကြသည်။

အဆိုပါ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ခြင်းအားဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းသတ္တဝါများ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်၊ ကျရောက်နေသည့် ကပ်ရောဂါအပေါင်းမှ ကင်းဝေးစေရန် ရည်ရွယ်၍ ပဲခူးမြို့နယ်အတွင်းရှိ သုံးဂိုဏ်းဝင်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ ဇူလိုင် ၈ ရက်မှ ၁၀ ရက်နေ့အထိ သုံးရက်တိုင်တိုင် နေ့/ည မပြတ် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**



## အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြု

**ဘားအံ ဇူလိုင် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုဖြင့် အောင်ပွဲရရှိခဲ့သည့် ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

ဂုဏ်ပြုပွဲသို့ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အောင်ပွဲရ အားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကရင်ပြည်နယ်ဘောလုံးအသင်းအနေဖြင့် ကြိုးစားအားထုတ်မှုပြုရင်း အကောင်းဆုံးခြေစွမ်းများဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ကာ ဒုတိယငွေတံဆိပ်ဆုကို ရယူဆွတ်ခူးပေးခဲ့ခြင်းအပေါ် များစွာဂုဏ်ယူပါကြောင်း၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း အုပ်စုအဆင့်မှ ဗိုလ်လုပွဲစဉ်ထိ ချီးမြှင့်ထောက်ပံ့ပေးခဲ့ပြီး ဒုတိယဆုဆွတ်ခူးပေးခဲ့သည့်အတွက် ယခုအခမ်းအနားတွင်လည်း ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် လာမည့်နှစ်များတွင် မိမိတို့လက်လွတ်ခဲ့ရသည့် ချန်ပီယံဆုကလပ်ကြီးအား ကရင်ပြည်နယ်သို့ ပြန်လည်ယူဆောင်လာနိုင်ရေး ယခုထက် ပိုမိုကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။




ထို့နောက် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒုတိယဆုရ ကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅ သိန်းကို ပေးအပ်ချီးမြှင့်ရာ ဘောလုံးအသင်းနည်းပြနှင့် အသင်းခေါင်းဆောင်တို့က လက်ခံရယူပြီး**(ဝဲပုံ)** အသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအတွေ့အကြုံအား ရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး တိုးချဲ့ကွက်သစ်ရှိ (၁၆၀ ပေ X ၁၃၀ ပေ) Steel Structure အမျိုးအစား ဖူဆယ်အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မောင်တောမြို့၌ မြစိမ်းရောင် စီမံကိန်းချေးငွေများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့်အညီ အိမ်တိုင်ရာရောက် ထပ်မံထုတ်ချေးပေး

**မောင်တော ဇူလိုင် ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ အတိုး၊အရင်းပြန်လည်ပေးဆပ်ပြီး ပြားသားသုခမြိုင်ကျေးရွာ၌ ငါးကြိမ်မြောက် မြစိမ်းရောင်စီမံကိန်းချေးငွေများကို ဇူလိုင် ၉ ရက်က အိမ်တိုင်ရာရောက် ထပ်မံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အတွင်း မြစိမ်းရောင်စီမံကိန်း ချေးငွေများကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာစီမံကိန်း တာဝန်ခံများ ပူးပေါင်းကာ ပြားသားသုခမြိုင်ကျေးရွာရှိ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ်သိန်း ၁၃၀၀၀၀၀၀၊ ရောင်းဝယ်ရေးလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် သိန်း ၇၇၀၀၀၀၀၊ မွေးမြူရေး လုပ်ကိုင်သူ ၃၄ ဦးအတွက် ငွေကျပ် သိန်း ၁၈၆၀၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၃၉၃၀၀၀၀၀ ကို အိမ်တိုင်လာရောက် ကွင်းဆင်း ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**



### စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်။**(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ **အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်းကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

# လေးမျက်နှာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး တာဝန်ရှိသူများ Quarantine Center ပြင်ဆင်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေး

**လေးမျက်နှာ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တာဝန်ရှိသူများက အားကစားခန်းမတွင်Quarantine Center ပြင်ဆင်ထားရှိမှုကို ယနေ့ နံနက် ၈ နာရီ၌ လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

လေးမျက်နှာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ကုသရေးနှင့်အသွားအလာကန့်သတ်ထားရှိရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဒေါ်ရွှေစင်က ရှင်းလင်းတင်ပြမှုများအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲရင့်နောင်နှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လေးမျက်နှာမြို့နယ်တွင် ကိုဗစ်-၁၉ ပိုးကူးစက်ခံထားရသူများ ယမန်နေ့အထိ ၇၈ ဦးရှိခဲ့ပြီး လေးမျက်နှာဆေးရုံ၌ ၃၆ ဦး၊ မြို့ဦးဓမ္မာရုံ၌ ၁၁ ဦး၊ အိုင်သပြုဆေးရုံ၌ ၂၄ ဦး၊ အချုပ်ခန်း ငါးဦး၊ အောက်ဆီဂျင် တစ်ဦး ပေးထားရကာ ဆီးချိုလူနာ နှစ်ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**





ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်သွားလာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ဇူလိုင် ၁၁ ရက်က မြို့အဝင်အထွက် မဟာကံကြီးရှင်ဘုရားရှေ့၌ ပြုလုပ်ရာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေစဉ်။ ခင်မောင်ထွန်း(ပြန်/ဆက်)

# ကျောက်မဲမြို့ပေါ်ရှိ ပျံကျဈေးများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျောက်မဲ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ အစီအစဉ်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့တို့မှ ဝန်ထမ်းများနှင့် ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဇူလိုင် ၁၀ ရက်က ဘူတာပျံကျဈေးနှင့် အမှတ် ၈ ရပ်ကွက်ရှိ အခွန်လွတ်ဈေးတို့တွင် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အလားတူ လာမည့်တနင်္ဂနွေနေ့တွင်လည်း အဆိုပါပျံကျဈေးများ၌ နှာခေါင်းစည်းများကို အခမဲ့ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကျောက်မဲမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ များပြားလာသည့်အတွက် ဗဟိုဈေးနှင့် မင်္ဂလာဈေးတို့ကို ဇူလိုင် ၃ ရက်မှစ၍ယာယီပိတ်ထားခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့် အသားငါးကဲ့သို့သော အခြေခံစားသောက်ကုန်များကို ရောင်းချသည့် ဘူတာပျံကျဈေးနှင့် အခွန်လွတ်ဈေးတို့ကိုသာ ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ပင်းတယမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ပင်းတယ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ဓမ္မာရုံ၌ ထိုးနှံပေးကြောင်း သိရသည်။ **(ယာပုံ)**

ကာကွယ်ဆေးထိုးနှံပေးခြင်း မပြုမီ ပါးစပ်နှင့် နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ကာကွယ်ဆေးထိုး လာရောက်သူများအား စိစစ်၍ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးနှံပေးပြီးနောက် ဆေး၏ ဘေးထွက်ဆိုးကျိုးလက္ခဏာ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ချက်ချင်းအရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန် မိနစ် ၃၀ ခန့် စောင့်ကြပ်ကြည့်ရှုပေးခြင်းကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ပင်းတယမြို့နယ် ဆရာဝန်ကြီး ဒေါက်တာမို့မို့ကြည်က ကြီးကြပ်၍ လက်ထောက်ကျန်းမာရေးမှူး၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာဆရာမ ၉ ဦးတို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးများကိုထိုးနှံပေးခဲ့ပြီး ယခု ကာကွယ်ဆေးထိုးနှံသူ ၂၂၅ ဦးမှာ ဇွန်လဒုတိယပတ်တွင် အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံထားသည့်သူများဖြစ်ကြောင်း သိရသည်။

ယနေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပင်းတယ**

**(ပြန်/ဆက်)**



ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID-19)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%)ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain-Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း စသည့် ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ်ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့ နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များကို စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






## မိုးယွန်းကြီးအင်း(ဘေးမဲ့တော)နှင့် ကျေးရွာများတွင် ငါးရစ်ငါးသန်ရာသီချိန် ငါးဖမ်းဆီးခြင်း မရှိစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ရေငန် ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန် မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေနေသတ္တဝါ(အရှင်)များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလ ငါးရစ်တက်ချိန်များတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်း မပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီး ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း(ဘေးမဲ့တော)နှင့် ပျဉ်ပုံ၊ တာဂွ၊ ဘုရားလေး၊ ဝမ်းဘဲအင်းကျေးရွာများသို့ (၉-၇-၂၀၂၁) ရက်နေ့တွင် ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မိုးယွန်းကြီးအင်း(ဘေးမဲ့တော) အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူပူးပေါင်း၍ ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်စာနှင့် အဆိပ်အတောက်ဖြင့် (ဆေးချခြင်း)၊ ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးဖမ်းဆီးခြင်း မပြုရန် တားမြစ်စာများအား ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးဆိုင်များ နေ့တစ်ဝက်ပိတ် ရောင်းချ

**မောင်တော ဇူလိုင် ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ဈေးဆိုင်များကို ဇူလိုင် ၁၁ ရက်နေ့မှစ၍ နေ့တစ်ဝက်ပိတ်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားထားရာ လိုက်နာဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများပြားလာပြီး သေဆုံးမှုများ ရှိလာသဖြင့် ခရိုင်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မောင်တောမြို့နယ်အတွင်းရှိ ရောင်းဝယ်ဖောက်ကားလျက်ရှိသော ဈေးဆိုင်များအား ဇူလိုင် ၁၁ ရက်မှစ၍ နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိသာ ဖွင့်လှစ်ရောင်းချကြရန် ညွှန်ကြားထားကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

### ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၇-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ရတနာသုတ်ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၀၈:၃၅ | စိုက်ပျိုးရေးကဏ္ဍအတွက် 'ရွှေ'ဖြစ်စေမည့်ရတနာ |
| ၁၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၁၀:၀၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၂၂) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သင်္ချာဘာသာရပ်'** |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၂၀ | ကျန်းမာရေးမဂ္ဂဇင်း **'တုပ်ကွေးရောဂါနှင့်တိုင်းရင်းဆေးပညာ'** |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | မြန်မာ့ပုလဲထုတ်လုပ်ပုံအဆင့်ဆင့်နှင့်ရောင်းချခြင်း |
| ၁၉:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၂၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဝဿာန်ပါဠိတေးသံသီ ဖျော်ဖြေမှုအစီအစဉ် |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်'** (အပိုင်း-၃) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | The Art of Making Glaze Ware |
| 07:45 | Tea Leaves |
| 07:52 | Myanmar Snacks and Nutrition Value: Kauk Hnyin Pyan Paung |
| 08:01 | Myanmar Masterclass: 3D |
| 08:10 | Marvelous Solo Cane Ball Playing |
| 08:27 | "Myanmar's Traditions and Culture" The Golden Land |
| 08:47 | Mobile House |
| 09:01 | Rakhine The Land Of Sublime Pagodas |
| 09:33 | A Glance At A Naga Family Life |
| 09:51 | A Nun's Creation in Fruit Carving |
| 10:28 | Sayit-wyne Girls |
| 10:51 | Dances of Myanmar (Pre Kayaw Traditional Dance) |
| 11:26 | Licuala Palm Leaf |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လော်ဝေါ်ဝတ်စားဆင်ယင်မှု

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မုန့်ဖိုင်းထောင့်လုပ်စားကြရအောင်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားစည်မြေမှရောင်စုံအလှ

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တာရှန်းရိုးရာတောင်တတ်ကပွဲ

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
အစွမ်းထက်တဲ့ငရုပ်ကောင်းအကြောင်း သိကောင်းစရာ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်စာပေစကားပြောကြရအောင်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ကြည်ညိုဖူးမြော်ကိုးသောင်းပုထိုးတော်ကြီး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပအိုဝ်ရိုးရာဝတ်စုံ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
စာအတူတူဖတ်ကြရအောင်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'** |
| ၁၁:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မြင်းခြံ၌ မိုးများပြီး လူနေအိမ်များပေါ် သစ်ပင်ပြိုလဲ



မြင်းခြံ ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဇူလိုင်ပထမပတ်က မိုးများခဲ့ရာ ဇူလိုင် ၁၀ ရက်က လူနေအိမ် သုံးလုံးပေါ် ကုက္ကိုပင်ပြိုလဲခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

မြင်းခြံမြို့ အမှတ်(၁၄) ရပ်ကွက် နယ်မြေ ၁၀ တွင် လူနေအိမ် သုံးလုံးပေါ်သို့ လုံးပတ် ခြောက်ပေခန့်နှင့် အမြင့်ပေ ၄၀ ခန့်ရှိ ကုက္ကိုပင် ပြိုလဲပိခဲ့ကြောင်း၊ ဖုန်းသတင်းရလျှင်ရချင်း မြင်းခြံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင် ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်ပေးကြောင်း (ယာပုံ) မြင်းခြံမီးသတ်တပ်ဖွဲ့မှ သိရသည်။

ကုက္ကိုပင်ပြိုလဲခြင်းကြောင့် နေအိမ် သုံးလုံးပျက်စီးခဲ့သော်လည်း လူထိခိုက်မှု မရှိကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

# ကျိုင်းတုံမြို့နယ် မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုး

ကျိုင်းတုံ ဇူလိုင် ၁၁

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးခြင်းကို ဇူလိုင် ၉ ရက်က ကျိုင်းတုံနည်းပညာ တက္ကသိုလ်အနီး မြေကွက်လပ်တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်မောင်မောင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက ကျိုင်းတုံမြို့နယ်အတွင်း လေထုသန့်စင်စေရေး၊ ရာသီဥတုမျှတစေရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရတနာတန်းဝင် ပိတောက်ပျိုးပင် ၂၁၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့အပြင် ကျိုင်းတုံမြို့နယ်အနေဖြင့် ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၉၆၀ ကို စိုက်ပျိုးပြီး ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၇၀၀၀၀ ကျော်ကိုလည်း ဖြန့်ဝေထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

အောင်ဇင်မြင့် (ပြန်/ဆက်)

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၁-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၆ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၂ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၀၆၂ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၀ | ၄၇၆၃၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၃၆ | ၁၇၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁ | ၇၈၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၂၀ | ၃၉၀၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆန္ဒမွန်ကောင်းတောင်းလိုက်ပါတယ်။ ဒီကဏ္ဍကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က စာဖတ်ပရိသတ်တွေ အပတ်စဉ်စောင့်ပြီး လေ့လာဖတ်ရှုကြတာ ကြားသိရတဲ့အတွက် ဝမ်းသာလှပါတယ်။ ဒီကဏ္ဍလေးကိုလည်း ကောင်းသထက်ကောင်းအောင် အမြဲမပြတ်ကြိုးစားလျက်ရှိပါတယ်။ ဒီတစ်ပတ်မှာတော့ Countable Noun (ရေတွက်ရနာမ်) နဲ့ Uncountable Noun (ရေတွက်မရနာမ်) တွေရဲ့ အသုံးပြုပုံတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ နမူနာဝါကျတွေနဲ့ ရှင်းလင်းဖော်ပြပေးထားရုံမက၊ အသုံးအနှုန်းပိုမိုကျွမ်းကျင်စေရန် လေ့ကျင့်ခန်း များနဲ့လည်း ထပ်လောင်းအားဖြည့်ပေးထားပါတယ်။ ဒါ့ပြင်စကားပြောခန်းမှာလည်း “Shortest way to say days of the week, months and dates” ကို နမူနာဝါကျများ၊ စကားပြောခန်းများနဲ့ ဖော်ပြပေးထားပါတယ်။ ဒီတစ်ပတ် Vocabulary အခန်းမှာတော့ Antonyms (ဆန့်ကျင်ဘက်စကားလုံး) များကို ဖော်ပြပေးသွားပါမယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုဗစ်-၁၉ ကာလမှာ ကျန်းမာရေးဂရုစိုက်ကြဖို့ နှိုးဆော်လိုက်ပါတယ်။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### Basic to Pre-Intermediate

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

Exercise (1) အဖြေများ

1. afraid
2. believes
3. faith
4. underestimate
5. good and bad

Exercise (2) အဖြေများ

1. chopstick
2. greenhouse
3. bathroom
4. yourself
5. heartbeats

✦ ✦ ✦ ✦ ✦ ✦ ✦

### Countable and Uncountable Nouns

**Countable Noun (ရေတွက်ရနာမ်)**

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်စသည်ဖြင့် ရေတွက်၍ရသော နာမ်များကို ရေတွက်ရနာမ် (Countable Noun) ဟုခေါ်သည်။ တိကျသည့် ပုံသဏ္ဌာန်ရှိပြီး များသောအားဖြင့် အများဆိုင်နာမ်နှင့် အစုပြနာမ်တို့သည်လည်း ရေတွက်ရနာမ်များဖြစ်သည်။ ရေတွက်ရနာမ်များတွင် အနည်းကိန်းနှင့် အများကိန်းပုံစံများရှိသည်။ ဥပမာ။

**Singular Countable Noun**

ball boy cat person

**Plural Countable Noun**

birds cars flowers books pencils

ရေတွက်ရနာမ်များကို အတိုင်းအတာအရေအတွက်ကို ဖော်ပြသော စကားစုများဖြင့်လည်းတွဲ၍ အသုံးပြုနိုင်သည်။
ဥပမာ။

a, an, a few, several, many, some,
plenty of, a lot of, a large number of, … + Countable Nouns

- The boy only **five dollars**.
- The Earth was formed **4.6 billion years** ago.
- There are **lots of people** but we don't have a **car**.
- **A duck** can swim in water.
- **A large number of houses** were burnt down in the fire.

**Uncountable Noun (ရေတွက်မရနာမ်)**

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်စသည်ဖြင့် ရေတွက်၍မရသော နာမ်များကို ရေတွက်မရနာမ် (Uncountable Noun) ဟုခေါ်သည်။ ထို့အပြင် တချို့ သဒ္ဒါစာအုပ်များ၌ အစုလိုက်အပြုံလိုက်နာမ်များ (Mass Nouns) ဟုခေါ်သည်။ ဥပမာ။


water ice food rice
sand money cheese

ရေတွက်မရနာမ်များကို တိုင်းတာရေတွက်ရာတွင် အတိုင်းအတာ စကားစုများဖြင့် ယှဉ်တွဲကာ သုံးနိုင်သည်။

a little, much, some, plenty of, a lot of,
a large amount of, a great deal of + Uncountable Noun
ဥပမာ။

not much water a little ice plenty of food a large amount of rice

- Have you got **some money**?
- Air-conditioners use **a lot of electricity**.
- Do you have **any work** for me to do?
- Many Asians eat **rice**.




ရေတွက်မရနာမ် Uncountable nouns များကို **a** သို့မဟုတ် **an** ဖြင့် မည်သည့်အခါမှ တွဲမသုံးရပါ။

Exercise (1) Choose the correct word and then write out each sentence.

e.g. She poured (a few, a little) tea into the cup.
She poured **a little** tea into the cup.

1. (A large number of, a great deal of) houses were burnt down in the fire.
2. There are (a great deal of, a lot of) ants on the tree.
3. You can put (a lot of, much) things in that box.
4. There isn't (any, some) water in the kettle.
5. They planted (any, some) flowers in their garden.
6. There isn't (many, much) ink left in the bottle.
7. (Many, Much) people came to our sports competition.
8. Did you eat (some, any) of those oranges?
9. You need to put (a little, a few) more salt in the soup.
10. You must write it in ink. Here's (a/an) pen.
11. He has eaten (a/an) slice of bread.
12. (A/An) duck can swim in water.

*(ဆက်လက်ဖော်ပြပါမည်)*

## CONVERSATION



### Shortest way to say days of the week, months and dates

**What's the date?**
**ဘယ်ရက်ရှိပြီလဲ။ ဘယ်နရက်နေ့လဲ။**

FEBRUARY

| SUN | MON | TUE | WED | THURS | FRI | SAT |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |

| | | | |
|---|---|---|---|
| $1^{st}$ = first | $9^{th}$ = ninth | $17^{th}$ = seventeenth | $25^{th}$ = twenty–fifth |
| $2^{nd}$ = second | $10^{th}$ = tenth | $18^{th}$ = eighteenth | $26^{th}$ = twenty–sixth |
| $3^{rd}$ = third | $11^{th}$ = eleventh | $19^{th}$ = nineteenth | $27^{th}$ =twenty–seventh |
| $4^{th}$ = fourth | $12^{th}$ = twelfth | $20^{th}$ = twentieth | $28^{th}$ = twenty–eighth |
| $5^{th}$ = fifth | $13^{th}$ = thirteenth | $21^{st}$ = twenty–first | $29^{th}$ = twenty–ninth |
| $6^{th}$ = sixth | $14^{th}$ = fourteenth | $22^{nd}$ = twenty–second | $30^{th}$ = thirtieth |
| $7^{th}$ =seventh | $15^{th}$ = fifteenth | $23^{rd}$ = twenty–third | $31^{st}$ = thirty–first |
| $8^{th}$ = eighth | $16^{th}$ = sixteenth | $24^{th}$= twenty–fourth | |




**Days of the week (သီတင်းပတ်တစ်ပတ်ရဲ့ နေ့များ)**

| Sunday (တနင်္ဂနွေ) | Monday (တနင်္လာ) | Tuesday (အင်္ဂါ) | Wednesday (ဗုဒ္ဓဟူး) | Thursday (ကြာသပတေး) | Friday (သောကြာ) | Saturday (စနေ) |
|---|---|---|---|---|---|---|

- What date is it? (ဘယ်ရက်ရှိပြီလဲ)
  It's the fifth.
- What date is it today? (ဒီနေ့ဘယ်နရက်နေ့ရှိပြီလဲ)
  It's the twenty–third.
- What date is it?
  It's September the ninth today!
- What date's this month's meeting on? (ဒီလအစည်းအဝေး ဘယ်နေ့လဲ)
  It's on the fourteenth.
- What's the date?
  It's the twenty–seventh of May.
- What's the date?
  It's Thursday, the twenty–sixth of June.
- What's today's date? (ဒီနေ့ဘာနေ့လဲ)
  It's Tuesday the thirty–first of March.
- What day of the week is it? (ဒီတစ်ပတ်ရဲ့ဘယ်နေ့လဲ)
  It's Thursday.

**ဘာသာစကားရှုထောင့်**

ရက်တွေကိုပြောဆိုရာမှာ အပြောများတဲ့ ပုံစံတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**ရက်သီးသန့်ပြော၊ ရက်ရှေ့ လနောက်တွဲပြော၊ လရှေ့ ရက်နောက်တွဲပြော၊ နေ့ရက် လ တွဲပြော**

on the fourteenth
the twenty–seventh of May
September the ninth
Tuesday, the thirty–first of March

**Confusion over dates**

Jill: **What date is it today**, Mum?
Mum: **It's the fourth today.** I know because tomorrow is Uncle Tom's birthday. **That's the fifth.** What are you doing?
Jill: I'm writing my English essay and we have to put the date on our essays.
Alice: Morning, Mum. **What day of the week is it?** When I'm on holiday I never pay any attention to time.
Mum: **It's Tuesday.** Shouldn't you be going back to work today?
Alice: Yes, I should. I thought **it was Monday today.** Time certainly flies when I'm on holiday. I'd better go and get ready or I'll be late.

## VOCABULARY

1. pure သန့်စင်သော – impure မသန့်စင်သော
2. fair မျှတသော – unfair မမျှတသော
3. correct မှန်ကန်သော – incorrect မမှန်ကန်သော
4. true စစ်မှန်သော – untrue မစစ်မှန်သော
5. agree သဘောတူသည် – disagree သဘောမတူပါ
6. peace ငြိမ်းချမ်းရေး – war စစ်ပွဲ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟောသဓဇာတ်တော်

**မြတ်မင်းလိုင်**

*ဇူလိုင် ၁၀ ရက်နေ့မှအဆက်*

ထိုအခါ မဟောသဓက မြို့ရိုးပေါ်၌ ရွှံ့ညွန်များတင်၍ စပါးစိုက်စေသည်။ စပါးပင်များပေါက်လာသောအခါ မဟောသဓ လူယုံတော်များက စူဠနီဗြဟ္မဒတ်မင်းအား မြို့တွင်း၌ ဆန်စပါးသိုလှောင်ထားရာမှ ပိုလျှံ၍ စွန့်ပစ်ထားသောစပါးတို့ အပင်ပေါက်နေကြောင်း တင်လျှောက်ကြလေသည်။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းက ထင်းသစ်များ မသွင်းနိုင်ရန် ပိတ်ဆို့စေပြန်သည်။ မဟောသဓက မြို့တံတိုင်းအနီးတွင် ထင်းသစ်များကို မို့မောက်အောင် စုပုံပြလေရာ မဟောသဓ၏ လူယုံတော်များက မြို့တွင်း၌ အလုံအလောက်ကြိုတင် စုဆောင်းထားသော ထင်းများဖြစ်ကြောင်း တင်လျှောက်ကြသည်။

စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်ကို လုပ်ကြံမရဖြစ်နေသဖြင့် ကေဝဋ္ဋပုဏ္ဏားက တစ်ဖက်နှင့်တစ်ဖက် ပညာရှိချင်း တရားစစ်ထိုး၍ အနိုင်ယူမည်၊ ရှိခိုးခံရသောပညာရှိသည် အနိုင်ရခြင်းပင်ဖြစ်ပြီး မဟောသဓသည် မိမိထက်ငယ်၍ မုချမိမိအားရှိခိုးလိမ့်မည်ဟု အကြံပေးလေသည်။ ကေဝဋ္ဋပုဏ္ဏား၏ အကြံကိုကြိုတင်သိရှိနေသော မဟောသဓသည် မင်းကြီးထံမှ ပတ္တမြားကိုငှား၍ လက်ဝါးပေါ်တင်ကာ ကေဝဋ္ဋပုဏ္ဏားရှိရာသို့ ရှေးရှုလာခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်းနှင့်အတူ မင်းငယ် ၉၉ - ပါးတို့သည် ကေဝဋ္ဋပုဏ္ဏားနှင့်အတူ တရားစစ်ထိုးမည့် တလင်းပြင်၌ အသင့်စောင့်နေကြသည်။ ကေဝဋ္ဋပုဏ္ဏားသည် မဟောသဓ၏ လက်ဝါးပေါ်မှ ပတ္တမြားကိုမြင်လျှင် လောဘတက်လာ၏။ မဟောသဓက လက်ဆောင်ပတ္တမြားကို ယူပါလေ့ဟုဆိုကာ ကေဝဋ္ဋပုဏ္ဏား၏ လက်ကိုချော်၍ အောက်သို့ချလိုက်လေသည်။ ကေဝဋ္ဋပုဏ္ဏားသည် လောဘတက်သတိလွတ်ကာ ပတ္တမြားကိုကုန်း၍ ကောက်နေစဉ် မဟောသဓက မြေးအရွယ်ရှိသော ကျွန်ုပ်အား မရှိခိုးပါနှင့်ဟု အားလုံးကြားလောက်အောင် ပြောဆိုသည့်အပြင် ပုဏ္ဏား၏နဖူးကို မြေနှင့်ပွတ်လိုက်ရာ နဖူးပြင်၌ ကွဲစုတ်လေသည်။ ပတ္တမြားကို မဟောသဓ၏ အခြံအရံတို့က ကောက်သိမ်းလိုက်၏။ ထို့နောက် မဟောသဓ၏ အခြံအရံများက ကေဝဋ္ဋပုဏ္ဏားသည် ငါတို့အရှင်ကို ရှိခိုးသည်ဟု ကြွေးကြော်ကြရာ စူဠနီဗြဟ္မဒတ်မင်းနှင့် မင်းငယ်တို့လည်း ဦးညွှတ်နေသော ပုဏ္ဏားကိုမြင်၍ မိမိတို့ စစ်ရှုံးပြီဟုဆိုကာ ထွက်ပြေးကြ၏။ မဟောသဓ၏ စစ်သည်များလည်း ခြိမ်းခြောက်လိုက်လံ နှင်ထုတ်ကြလေသည်။ ထို့နောက် ကေဝဋ္ဋပုဏ္ဏားက အကြောင်းစုံရှင်းပြောပြပြီး ကွဲပြားနေသောစစ်သည်တို့ကို ပြန်လည်စုဆောင်းပြီး သစ်တပ်တဲနန်းသို့ ပြန်လာကြလေသည်။

ပညာရှိချင်းပြိုင်၍ ရှုံးနိမ့်ခဲ့ပြီးနောက် ကေဝဋ္ဋပုဏ္ဏားသည် မြို့ကိုစီးနင်းတိုက်ခိုက်ရန် စူဠနီဗြဟ္မဒတ်မင်းအား အကြံပေးလေသည်။ ထိုအကြောင်းကို အနီး၌ခစားနေသော မဟောသဓ၏ လူယုံတော်ထံမှ မဟောသဓ သိရှိရသည့်အခါ စစ်တိုက်ခြင်းထက် ဉာဏ်ပညာဖြင့် ဆက်လက်ယှဉ်ရန် ဝိဒေဟရာဇ်မင်းကြီး၏ဆရာ ပုရောဟိတ် အနုကေဝဋ္ဋအား ခေါ်တွေ့လေသည်။ အနုကေဝဋ္ဋသည် ပဉ္စာလရာဇ်မင်း၏ စစ်သည်များအား အစားအစာများပေးကမ်းပြီး မိတ္ထီလာပြည်သားတို့အား မလိုလားသည့်စကားများကို ဟန်ဆောင်ပြောဆိုနေစဉ် မဟောသဓတို့က ဖမ်းဆီးမည်။ ဒဏ်ခတ်၍ ပြည်နှင်ဒဏ်ပေးမည်။ ထိုအခါ မဟောသဓတို့အား ရန်ငြိုးဖွဲ့ဟန်ပြုပြီး ပဉ္စာလရာဇ် စစ်သည်တို့အား မိကျောင်းများပေါများသည့် ကျုံးဘက်မှ သက်ဆင်း တိုက်ခိုက်ရန် အကြံပေးရန် စစ်သည်များ နောက်ပြန်ဆုတ်ခဲ့လျှင် မဟောသဓ၏ ဘက်တော်သားများဖြစ်သည်ဟု ကုန်းချောစကားဆိုရမည့်အပြင် ထိုစစ်သည်များ၏ အဝတ်တန်ဆာများတွင် မဟောသဓ၏ တံဆိပ်အမှတ်ကို လျှို့ဝှက်ထိုးပြီး စူဠနီဗြဟ္မဒတ်မင်းကြီး ယုံကြည်အောင်ပြုလုပ်ရန်၊ ထို့နောက် ကေဝဋ္ဋပုဏ္ဏားနှင့် စစ်သည်အားလုံးတို့သည် မဟောသဓဘက်တော်သားများဖြစ်လေဟန် အယုံသွင်းကာ ပဉ္စာလရာဇ်မင်းကို ညဉ့်အခါထွက်ပြေးစေရန် ဆောင်ရွက်ပြီး မဟောသဓ၏ တပ်များသို့ သတင်းပို့အကြောင်းကြားလိုက်သည်။ ပဉ္စာလရာဇ်မင်း၏ စစ်သည်တို့လည်း မိမိတို့၏မင်းကို မဟောသဓဖမ်းပြီဟု ထင်မှတ်မှားကာ ဖရိုဖရဲဖြစ်ကုန်၏။ စစ်တပ်အားလုံး ညဉ့်တွင်းချင်း ထွက်ပြေး၍ ကျန်ရှိသောပစ္စည်းများကို ဝိဒေဟရာဇ် ပြည်သူပြည်သားတို့က သိမ်းယူလေသည်။ မဟောသဓလည်း အမုကေဝဋ္ဋပုဏ္ဏားကို များစွာချီးမြှင့်လေသည်။

> ○ **စူဠနီဗြဟ္မဒတ်မင်းကြီးသည် စစ်ရှုံးခဲ့သည်မှာ တစ်နှစ်ရှိခဲ့သော်လည်း ကေဝဋ္ဋပုဏ္ဏားမှာနဖူးမှအမာရွတ်ကို မြင်တိုင်း မဟောသဓကို မကျေမချမ်းဖြစ်နေသည်။ ထို့ကြောင့် ဝိဒေဟရာဇ်မင်းကြီးအား သမီးတော် ပဉ္စာလစန္ဒီမင်းသမီးနှင့် ဖြားယောင်း၍ မင်းနှင့်တကွ မဟောသဓအား ကွပ်မျက်ကာ နိုင်ငံကို သိမ်းယူမည့် အစီအစဉ်ကြံစည်ထားမှုကို စူဠနီဗြဟ္မဒတ်မင်းအားလျှောက်ထား**

စူဠနီဗြဟ္မဒတ်မင်းကြီးသည် စစ်ရှုံးခဲ့သည်မှာ တစ်နှစ်ရှိခဲ့သော်လည်း ကေဝဋ္ဋပုဏ္ဏားမှာ နဖူးမှအမာရွတ်ကို မြင်တိုင်း မဟောသဓကို မကျေမချမ်းဖြစ်နေသည်။ ထို့ကြောင့် ဝိဒေဟရာဇ်မင်းကြီးအား သမီးတော် ပဉ္စာလစန္ဒီမင်းသမီးနှင့် ဖြားယောင်း၍ မင်းနှင့်တကွ မဟောသဓအားကွပ်မျက်ကာ နိုင်ငံကိုသိမ်းယူမည့် အစီအစဉ်ကြံစည်ထားမှုကို စူဠနီဗြဟ္မဒတ်မင်းအား လျှောက်ထားလေသည်။

မင်းကြီးအား နန်းတော်ပြာသာဒ်ဆောင်၌ လျှောက်ကြားခြင်းဖြစ်၍ စူဠနီဗြဟ္မဒတ်မင်း၏ သာလိကာမသည် ကြားသွားသည်။ မင်းကြီးသည် သမီးတော်၏ လှပပုံကိုရတု၊ ကဗျာရေးစေပြီး အပြည်ပြည်၌ သီဆိုစေ၏။ မိတ္ထီလာပြည်၌လည်း သီဆိုဖျော်ဖြေသဖြင့် ဝိဒေဟရာဇ်မင်းကြီးလည်း ကြားရသည့်အခါ မင်းသမီးကို တပ်မက်စိတ်ဖြစ်ပေါ်လာသည်။

ဝိဒေဟရာဇ်မင်းကြီးသည် မင်းသမီးအပေါ် တပ်မက်စိတ်ရှိကြောင်း သိရှိရသဖြင့် ကေဝဋ္ဋအမတ်သည် စူဠနီဗြဟ္မဒတ်မင်းအား လျှောက်တင်ပြီး မိတ္ထီလာပြည်သို့ သွားရောက်၍ ရွှေလမ်းငွေလမ်းဖောက်ရန် ကြံရွယ်ကာ လက်ဆောင်ပဏ္ဏာများနှင့်အတူ လာရောက်လေသည်။ ထိုသတင်းကိုကြား၍ ပြည်သူများက မိမိတို့မင်းအပေါ် စူဠနီဗြဟ္မဒတ်မင်းက ရန်ငြိုးမထားတော့ဟု ယုံမှတ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

မဟောသဓသေခမိန်က ရန်သူစစ်စစ်ဖြစ်ပါလျက် အမျိုးဆက်လို၍လာသည်ကို သံသယရှိ၏။ ထို့ကြောင့် ပဉ္စာလရာဇ်ပြည်၌ရှိသော သူ၏လူယုံတော်ထံသို့ ဆက်သွယ်ခဲ့သည်။ လူယုံတော်ကလည်း ကေဝဋ္ဋအမတ်သည် အမျိုးဆက်ရန် ရောက်လာသည့်အကြောင်းရင်းကို မသိရှိသော်လည်း မင်းကြီးနှင့် ကေဝဋ္ဋအမတ်တို့နှစ်ဦးတည်း နန်းတော်ပြာသာဒ်အထက်အဆင့်၌ တိုင်ပင်ပြောဆိုခြင်းဖြစ်၍ မင်းကြီး၏ အိပ်ရာစောင့် သာလိကာမကြားသိနိုင်ကြောင်း စာနှင့် မဟောသဓထံသို့ ပြန်ကြားခဲ့လေသည်။

မဟောသဓသည် လူယုံတော်၏ ပြန်စာကို ရရှိသည်နှင့် ပဉ္စာလရာဇ်မင်းနှင့် ကေဝဋ္ဋအမတ်တို့သည် မရိုးသားသော စိတ်ထားဖြင့် အမျိုးဆက်ရန် လာရောက်ကြခြင်းဖြစ်သည်ကို ဆင်ခြင်မိလေသည်။ ထို့ကြောင့် ကေဝဋ္ဋအမတ်ဝင်ရာ တံခါးမှသည် နန်းတော်တံခါး၀၊ နန်းတော်တံခါးဝမှ မိမိအိမ်တံခါးဝတိုင်အောင် လမ်းခရီးများကို အထူးအဆန်းတကြယ် ပြင်ဆင်ထားလေသည်။ ထိုသို့ပြင်ဆင်ပြီးချိန်တွင် ကေဝဋ္ဋအမတ် မြို့တွင်းသို့ ဝင်စေသည်။ ကေဝဋ္ဋအမတ်သည် မင်းကြီးအား လက်ဆောင်ပဏ္ဏာများ ဆက်သပြီးနောက် မဟောသဓနေအိမ်သို့ သွားရောက်လေသည်။ မဟောသဓသည် ကေဝဋ္ဋပုဏ္ဏားအား ကောင်းစွာညွှေ့ခံခြင်း မပြုသည့်အပြင် လူယုံတော်များနှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကေဝဋ္ဋအမတ်အား တွန်းထိုးရိုက်ပုတ်လွှတ်လိုက်ကြလေသည်။

မဟောသဓ၏ ထိုသို့ဆက်ဆံခြင်းကို မင်းကြီးသိလျှင် မဟောသဓသည် အတုမရှိသော ပညာသတိဝီရိယဖြင့် ကြိုတင်သိမြင်ခြင်းရှိမည်ဟု နှလုံးသွင်းမိ၍ သေနကအမတ်အား ပဉ္စာလရာဇ်မင်းက သမီးတော်ဆက်လို၍ ၎င်းတို့တိုင်းပြည်သို့ ဖိတ်ကြားခြင်းကို သွားရောက်သင့်မသင့် မေးမြန်းတော်မူ၏။ သေနကအမတ်က ကြွတော်မူသင့်ကြောင်း လျှောက်ထားလေသည်။ အလားတူပင် ပက္ကုသအမတ်နှင့် အမတ်သုံးဦးကလည်း ကြွတော်မူသင့်ကြောင်း လျှောက်ထားကြလေသည်။

မင်းကြီးက မဟောသဓအား မေးမြန်းသည့်အခါတွင် မဟောသဓက စူဠနီဗြဟ္မဒတ်မင်းသည် စစ်သည်အင်အားဖြင့် မိတ္ထီလာပြည်ကို အောင်နိုင်ခြင်းမရှိ၍ ကာမဂုဏ်နှင့် ဖြားယောင်းခြင်းဖြစ်ကြောင်းကို ဥပမာများပြ၍ လျှောက်တင်လေသည်။ ထိုအခါ မင်းကြီးသည် ပြင်းစွာအမျက်ထွက်သဖြင့် ရာဇသံပေး၍ တိုင်းပြည်မှ နှင်ထုတ်လေသည်။ မင်းကြီးက အမျက်ထွက် နှင်ထုတ်လေလျှင် မဟောသဓလည်း မင်းကြီးအား ရှိခိုးပြီး မိမိအိမ်သို့သွားလေသည်။ မင်းကြီးလည်း မဟောသဓသည် မိမိ၏အလိုဆန္ဒကို လိုက်လျောခြင်းမပြု၍ အမျက်ထွက်သော်လည်း မဟောသဓသေခမိန်အား စိတ်ထဲ၌ အမြဲချစ်ခင်သနားခြင်းရှိသည်ကြောင့် မင်းချင်းတို့အား မဟောသဓအား ဖမ်းယူခွင့် ရာဇသံကိုမပေးခဲ့ချေ။

မဟောသဓသည်လည်း မင်းကြီးက ဆဲဆိုရှုတ်ချခြင်းကို အမှတ်မပြုဘဲ မိမိ၏ကျေးဇူးရှင်မင်းကြီး ပျက်စီးမှုကို မလိုလားသဖြင့် ၎င်း၏ ကျေးသားကို ပဉ္စာလရာဇ်ပြည်သို့ စေလွှတ်၍ သာလိကာမထံမှ သတင်းစကားရယူရန် စေလွှတ်လိုက်လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အင်းတော်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေး

**အင်းတော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်သော အင်းတော်မြို့နယ် သောင်မြင်းကျေးရွာအား မြစိမ်းရောင်စီမံကိန်း ပထမနှစ်စက်ဝန်းအတွက် ပထမအကြိမ် ကျပ်သိန်း ၁၉၀ ကို ဇူလိုင် ၈ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ထိုသို့ စီမံကိန်းချေးငွေထုတ်ချေးမှုကို မြို့နယ် ကျေးလက် ဦးစီးဌာနမှ ခေတ္တမြို့နယ် ဦးစီးမှူး ဦးစောနိုင်ဦးနှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြောင်းနှင့် အင်းတော်မြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်အထိ စီမံကိန်းယူနှစ် ၂၈၊ ယူနှစ် ကျေးရွာပေါင်း ၂၉ ရွာ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်
(ကသာ)



# ဖွံ့ဖြိုးဝေစည် ပုလဲကေရီတို့၏ တနင်္သာရီမြေ

ချမ်းမြေ့မောင်

**မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးသည် တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်ပေါ်များပြီး အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် တနင်္သာရီတောင်တန်းတို့နှင့် ဆက်စပ်လျက်ရှိသောကြောင့် ကမ်းရိုးတန်းလွင်ပြင် ကျဉ်းမြောင်းသည်။**



ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရှမ်းကိုးရွာပတ်လမ်းပေါ်ရှိ ဖောင်ဆိပ်သံကူကွန်ကရစ်တံတား (၃၅၀) ပေ။

## ရာသီမရွေးသွားလာနိုင်

တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့ ပါဝင်ပြီး မြို့ပေါင်း ၁၈ မြို့တည်ရှိသည်။ ကျေးရွာ စုစုပေါင်း ၁၂၄၀ ရှိသည့်အနက် ဌာနစတင် ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်တွင် ကျေးရွာ ၄၉၄ ရွာသည် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာ ၇၄၆ ရွာသည် ခြောက်သွေ့ရာသီမှသာ သွားလာနိုင်သည်။

ထိုကဲ့သို့သောအခြေအနေမှ ကျေးရွာများအားလုံးကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ ဖြစ်ပေါ်လာစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်အထိ ကျေးရွာပေါင်း ၇၀၆ ရွာကို ရာသီမရွေးသွားလာနိုင်သော ကျေးရွာများအဖြစ် တိုးတက်ကြိုးပမ်း အကောင်အထည်ဖော်နိုင်ခဲ့သည်။

ကျေးလက်နေပြည်သူလူထု ၁၁ သိန်း ၉ သောင်းကျော်အတွက် မြေသားလမ်းရှိသော အခြေအနေမှ ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်းနှင့် အမာခံလမ်းများအဖြစ် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ယာခင် ဝါးတံတား၊ သစ်သားတံတားများကို ဒေသနှင့်ကိုက်ညီသည့် သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများ၊ ဘေလီတံတားများအဖြစ်လည်းကောင်း အကောင်အထည်ဖော်နိုင်ရေး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်ထောင်စု/ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများမှ နှစ်စဉ်အဆင့်မြှင့်တင် ဆောက်လုပ်ပေးလျက်ရှိသည်။

## လူနေမှုဘဝ အဆင့်မြှင့်တင်ဆောင်ရွက်နေ

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့်အညီ ကျေးလက်နှင့်မြို့ပြ လူနေမှုဘဝ ကွာခြားမှုလျော့နည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း ၃၆၇/၂ ဒသမ ၇၀၆ မိုင်၊ ကတ္တရာလမ်း ၁၆၂/၅ ဒသမ ၀၃၅ မိုင်၊ ကျောက်ချောလမ်း ၄၀၃/၃ ဒသမ ၃၆ မိုင်၊ အမာခံလမ်း ၃၉၂/၂ ဒသမ ၀၅ မိုင်၊ မြေသားလမ်း ၆၄၃/၁ ဒသမ ၅၅၄ မိုင် စုစုပေါင်း ကျေးလက်လမ်းမိုင် ၁၉၆၈/၆ ဒသမ ၇၁ မိုင်ကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခင်ရာသီမရွေးသွားလာနိုင်သောလမ်း ၃၉ ရာခိုင်နှုန်းတည်ရှိရာမှ ယခုအခါတွင် ၆၇ ရာခိုင်နှုန်းအထိ တိုးတက်အောင် အဆင့်မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှ ယခု ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၂၃၄/၁ မိုင်၊ ကတ္တရာလမ်း ၄၉/၇ မိုင်၊ ကျောက်ချောလမ်း ၁၄၆/၆ မိုင်၊ အမာခံလမ်း ၃၅၈/၇ မိုင် စုစုပေါင်း လမ်းမိုင် ၇၈၉/၅ မိုင်ကို ကျေးလက်နေပြည်သူများအတွက် ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်တံတားများ အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ အထက် ကွန်ကရစ်တံတားကြီး ၁၀ စင်း အပါအဝင် ကွန်ကရစ်တံတား ၁၈၃ စင်း၊ သစ်သားတံတား ၁၉ စင်း၊ ပေ ၁၈၀ အထက် ဘေလီတံတားကြီး နှစ်စင်းအပါအဝင် ဘေလီတံတား ၁၅ စင်း၊ Box Culvert ၄၉၄ စင်း စုစုပေါင်းတံတားအရေအတွက် ၇၁၁ စင်းကို ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခက်အခဲများ အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ရေးတို့အတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ထားဝယ်ခရိုင်အတွင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သော သရက်ချောင်းမြို့နယ် စုံစင် – ဂုံညှင်းဆိပ်လမ်းမှာ ထားဝယ် – မြိတ် ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍ လမ်းအရှည် ၉/၃ မိုင် ရှည်လျားပြီး ကျေးရွာ ကိုးရွာနှင့် လူဦးရေ ၆၇၇၅ ဦးတို့အတွက် အကျိုးပြုစေမည်ဖြစ်သည်။

မြိတ်ခရိုင်အတွင်း ကျေးရွာချင်းဆက်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သော မြိတ်မြို့နယ် ကြေးနန်းတိုင် – ကသာရိုင် – နန်းတော်ရာလမ်း ၇/၄ မိုင်နှင့် တနင်္သာရီမြို့နယ် အရှေ့ဘန်လော – ကော်တော – သမီးလှ–ကိုးအင်း – ကျောက်စရစ်– တိုက်ကမ်းလမ်း ၁၄/၆ မိုင်၊ အနောက်ဘန်လော – ရေပေါ်– သမီးလှလမ်း ၁၃/၄ မိုင်တို့သည် ကျေးရွာ ၂၉ ရွာနှင့် လူဦးရေ ၂၅၂၂ ဦးတို့အတွက် အကျိုးပြုစေမည်ဖြစ်သည်။

ထို့အပြင် ကော့သောင်းခရိုင်အတွင်း ရှမ်းကိုးရွာနယ်စပ်ပတ်လမ်း ၂၉/၄ မိုင်ကို ကွန်ကရစ်လမ်း ၁၆/၅ မိုင်၊ ကျောက်ချောလမ်း ၁၂/၇ မိုင်အဖြစ် အကောင်အထည်ဖော် ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် ၎င်းလမ်းအား နေ့စဉ် ဖြတ်သန်းအသုံးပြုနေကြသည့် ကျေးရွာ ကိုးရွာနှင့် လူဦးရေ ၁၈၁၆၁ ဦးတို့ကို ရာသီမရွေး ဖြတ်သန်းသွားလာနိုင်သော ကျေးလက်လမ်း တစ်လမ်းအဖြစ် အကျိုးပြုစေမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြိတ်ခရိုင် ပုလောမြို့နယ်တွင် ပုလော–လက္ကျား–မြဒေါင်–တိုလမ်းပေါ်ရှိ ပိတပ်ဘေလီတံတား ပေ ၄၂၀ ကို တည်ဆောက်ပြီးစီးခဲ့ပြီး ကျေးရွာ ငါးရွာနှင့် လူဦးရေ ၄၉၅၆ ဦးကို လည်းကောင်း၊ မြိတ်မြို့နယ်တွင် ကြေးနန်းတိုင်–ကသာရိုင်– နန်းတော်ရာလမ်းပေါ်ရှိ တောင်းရှည်တံတားကို ယခင်မူလသစ်သားတံတားမှ ယခုအခါ ၂၉၅ ပေ အရှည်ရှိ သံကူကွန်ကရစ်တံတားကြီး အဖြစ် တည်ဆောက်ပြီးစီးခဲ့သဖြင့် ၎င်းလမ်းပေါ်ရှိ ကျေးရွာ ၁၇ ရွာနှင့် လူဦးရေ ၁၇၉၆၀ ကိုလည်းကောင်း၊ ကော့သောင်းခရိုင် ကော့သောင်း မြို့နယ် ရှမ်းကိုးရွာ နယ်စပ်ပတ်လမ်းပေါ်ရှိ ဖောင်ဆိပ်တံတား ပေ ၃၅၀ ကို သံကူကွန်ကရစ်တံတားကြီးအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ၎င်းလမ်းပေါ်ရှိ ကျေးရွာ ကိုးရွာနှင့် လူဦးရေ ၁၇၉၆၀ ကို အကျိုးဖြစ်ထွန်းစေနိုင်ခဲ့သည်။

ဆက်လက်၍ တနင်္သာရီမြို့နယ် ပရည်တောင်–ဝန်ဖို့ ဘေလီတံတား ပေ ၉၀၀ ကို တည်ဆောက်လျက်ရှိပြီး ယခု ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်၍ ၎င်းတံတားကြီးပြီးစီးပါက ကျေးရွာ ခြောက်ရွာနှင့် လူဦးရေ ၆၄၀၀ ကို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သလို ယာဉ်/ကုန်တန်ချိန် ၃၃ တန်အထိ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင်လည်း ဘုတ်ပြင်းမြို့နယ်တစ်ဖက်ကမ်းရှိ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ဘုတ်ပြင်း–အုန်းတောကမ်းလမ်းပေါ်ရှိ ပေ ၁၂၀၀ အရှည်ရှိသော အုန်းတောကမ်း သံကူကွန်ကရစ်တံတားကြီးကို တည်ဆောက်လျက်ရှိပြီး ယခု ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်၍ ၎င်းတံတားကြီးပြီးစီးပါက ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၁၇၂၀ နှင့် လူဦးရေ ၇၈၃၄ ဦးတို့ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့အပြင် မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်ကို ဆက်သွယ်ပေးထားသော မင်းသန်း–မောင်းလှော်မြစ်ကူးတံတားကို တည်ဆောက်လျက်ရှိပြီး ၎င်းတံတားကြီးပြီးစီးပါက ကျေးရွာ ၁၈ ရွာ၊ လူဦးရေ ၂၅၄၃၀ တို့ကို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်လမ်းတံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ထုတ်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့ ကျေးလက်လမ်းများကို အသုံးပြုကာ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကိစ္စရပ်များအတွက် ကျေးလက်လမ်း ကွန်ရက်များ အသုံးပြုကာ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေးနှင့် အမျိုးသားပင်မပို့ဆောင်ရေးစီမံကိန်းကို အထောက်အကူဖြစ်စေရေးတို့ကို ပြည်သူလူထုအတွက် ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်တို့ကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ အသုံးပြုနိုင်ရေးအတွက် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူတို့အတွက် ဆောင်ရွက်ပေးရမည့် ရည်မှန်းချက်တစ်ခုပင်ဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

■ **လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်တို့ကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ အသုံးပြုနိုင်ရေးအတွက် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူတို့အတွက် ဆောင်ရွက်ပေးရမည့် ရည်မှန်းချက်တစ်ခုပင်ဖြစ်**



## သံတွဲမြို့နယ်၌ စိုက်ပျိုးမွေးမြူရေး ပညာပေးသင်တန်း ဖွင့်လှစ်

**သံတွဲ ဇူလိုင် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးမွေးမြူရေးပညာပေးသင်တန်းကို သံတွဲမြို့နယ် ပြည့်ဝကျေးရွာ၌ ဇူလိုင်လပထမပတ်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာငါးရွာမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက စာတွေ့ လက်တွေ့ နှစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေး၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရေး ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## GAP နည်းစနစ်သည် စားသုံးသူဘေးကင်းရေးနည်းစနစ်များအတိုင်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်

**တံတားဦး ဇူလိုင် ၁၁**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဒေသခံတောင်သူများအား GAP နည်းစနစ်ဖြင့် နှမ်းစိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ် ပြည်သူ့ စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင်လပထမပတ်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးဘိုမောင်က တံတားဦးမြို့နယ်မှ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံဖြစ်သည့် နှမ်းကို အဓိကစိုက်ပျိုးကြကြောင်း၊ နှမ်းသီးနှံသည် စိုက်ပျိုးကုန်ကျစရိတ်သက်သာ၍ ဝင်ငွေများစွာရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုသော သီးနှံဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဒေသမှထွက်ရှိသော နှမ်းဆီစစ်စစ်ကို စားသုံးရခြင်းကြောင့် ကျန်းမာရေးနှင့်လည်း ညီညွတ်ကြောင်း ပြောကြားပြီး ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ညွန့်က GAP နည်းစနစ်ဖြင့် နှမ်းစိုက်ပျိုးခြင်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဆိုသည်မှာ မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူ လက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှု ကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့် စံ၊ လုပ်ထုံးလုပ်နည်း လမ်းညွှန်မှုများဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်စဉ်၊ ရိတ်သိမ်းစဉ်၊ ကိုင်တွယ်ထုပ်ပိုးစဉ်၊ ထုတ်ကုန်ပစ္စည်းများတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာများ ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေး၊ သီးနှံများ အရည်အသွေးကောင်းမွန်စေရေးနှင့် လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နေသော လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်သင့်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများလည်း ဖြစ်ကြောင်း၊ နှမ်း၏ အဓိကလုပ်ငန်းမှာ ရိတ်သိမ်းပြီး နှမ်းပုံ၍ မျိုးစေ့ရရန် နှမ်းခါသည့်အခါ လူကို ကင်ဆာရောဂါဖြစ်စေသည့် မှိုရောဂါနှင့် အက်စစ်ခဓာတ်တို့ထွက်ရှိသည့်အတွက် နှမ်းစည်းများပြုလုပ်ပြီး ထောင်နှမ်းပြုလုပ်ပေးစေလိုကြောင်းနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် GAP စနစ်နှင့်အညီဖြစ်စေရန် ထောင်နှမ်းဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

တံတားဦးမြို့နယ်တွင် ယခုနှစ် မိုးရာသီကာလအတွင်း မိုးနှမ်းစိုက်ပျိုးရန် ၄၁၁၇၆ ဧကလျာထားပြီး ယနေ့အချိန်ထိ စိုက်ပျိုးပြီးစီးသည့်ဧကပေါင်းမှာ ၂၈၁၇၄ ဧကဖြစ်ကြောင်း သိရသည်။

ရဲတင့်(တံတားဦး)

## မြို့သစ်မြို့နယ်၌ GAP စနစ်ဖြင့် မိုးသီးနှံဧက ၄၀၀၀ ကျော် စိုက်ပျိုး

**မြို့သစ် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ တောင်သူများ ဘေးကင်းသော စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီအတွက် မိုးနှမ်းဧက ၄၀၀၀၊ မိုးမြေပဲဧက ၁၀၀ နှင့် မိုးပဲတီစိမ်းဧက ၅၀ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသနဲ့ သင့်လျော်ပြီး အရည်အသွေးပြည့်ဝတဲ့ စိုက်ပျိုးစားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့အညီ လေ့ကျင့်ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုအခန်းကဏ္ဍမှာ အဓိကပါဝင်နေတဲ့ စိုက်ပျိုးထုတ်လုပ်သူတွေကိုယ်တိုင် GAP ရဲ့ ထုတ်ကုန်အာမခံချက်အပေါ် သိရှိလိုက်နာကျင့်သုံးနိုင်စေဖို့ ပညာပေးစာအုပ်တွေဖြန့်ဝေတာ၊ စိုက်ကွင်းမြေတွေမှာ သတ္တုပါဝင်မှု ရှိ/မရှိ မြေနမူနာစစ်ဆေးတာနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအတွက် ဈေးကွက်ကောင်းရရှိရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

မြို့သစ်မြို့နယ်၌ ၂၀၂၂ခုနှစ်အတွက် GAP စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ မိုးသီးနှံဧက ၄၀၀၀ ကျော်ကို ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ တောင်သူ ၁၁၉၆ ဦးတို့မှ စိုက်ကွင်းအလိုက် တောင်သူအစုအဖွဲ့ ၆၁ ဖွဲ့ဖြင့် စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ် GAP စနစ်ဖြင့် မိုးနှမ်း ၅၆၇၈ ဧကစိုက် ပျိုးရာတွင် ၂၆၈၄၆ တင်း၊ မြေပဲ ၁၀၆ ဧကတွင် ၄၄၅၂ တင်း၊ ပဲတီစိမ်း ၅၀ ဧကစိုက်ပျိုးရာတွင် ၂၂၁ တင်းထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၂၂ မှ*

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခင်ဌာနကြီး လေးခုရှိသည့်အနက်မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအား ၎င်း၏လက်အောက်တွင် တိုးချဲ့စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

### ဌာန၏ဆောင်ရွက်ချက်များ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ကွန်ကရစ်လမ်း ၁၂၃၇/ ၄ ဒသမ ၆ မိုင်၊ ကတ္တရာလမ်း ၉၉၅/၅ ဒသမ ၀ မိုင်၊ ကျောက်ချောလမ်း ၁၆၁၉/ ၁ ဒသမ ၁ မိုင်၊ အမာခံလမ်း(ဂဝံ/ဂျင်းလမ်း) ၃၆၇၄/၅ ဒသမ ၇ မိုင်နှင့် မြေသားလမ်း ၃၉၅၇/၁ ဒသမ ၆ မိုင် စုစုပေါင်း လမ်းမိုင် ၁၁၄၄၈၄/၂ မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ကျေးလက်တံတားများအနေဖြင့်လည်း ကွန်ကရစ်တံတား ၁၈၇၃ စင်း၊ သစ်သားတံတား အစင်း ၈၀၊ ကြိုးတံတား/ဘေလီတံတား ၁၈၅ စင်း၊ ရေကျော် ၃၇၉ စင်း၊ Box Culvert ၅၀၄၈ စင်း စုစုပေါင်း ၇၅၆၅ စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်း ကျေးလက်လမ်းများကို အသုံးပြုနိုင်ရန်ဖြစ်သည့်အတွက် လက်ရှိစာရင်းကောက်ယူထားသော ကျေးရွာများ၌ လူဦးရေ ၁၀၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် လည်းကောင်း၊ လူဦးရေ ၂၅၀ အထက်ရှိ ကျေးရွာအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းတို့ကို ၂၀၃၀ ပြည့်နှစ်တွင် လည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။



မြိတ်ခရိုင် မြိတ်မြို့နယ် ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာလမ်း။

### ဆက်လက်အဆင့်မြှင့်တင်မည်

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများသို့ ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ် ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ၏ ကုန်စည်ထုတ်လုပ်မှု/ စီးဆင်းမှုများ၊ လူမှုစီးပွားဘဝများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## မဟာအောင်မြေမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းယုဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ငွေနှင့် အမှုဆောင်ဒါရိုက်တာ အဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သမဝါယမဦးစီးဌာန

### အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ) အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှု ထိရောက်ရေးအတွက် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာအချို့ကို ယာယီပိတ်ထား

**ကော့သောင်း ဇူလိုင် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် မြို့ပေါ်ရှိ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာအချို့ကို ဇူလိုင် ၁၀ ရက်မှစ၍ ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ယခုလပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှာ နိုင်ငံတစ်ဝန်းလုံးရှိမြို့အများအပြားတွင် မြင့်တက်ဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အပါအဝင် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ခရိုင်နှင့် မြို့နယ်အလိုက် သတိပြု ကြပ်မတ်ထိန်းချုပ်မှုများ ဆောင်ရွက်နေရသည်။

ရောဂါကူးစက်မှု ဖြစ်စဉ်များတွင် လူသူ အသွားအလာ များပြားစုဝေးရာ နေရာအချို့မှ ကူးစက်ဖြစ်ပွားမှုများသည် အဆိုးရွားဆုံးအခြေအနေတွင်ရှိသဖြင့် ကော့သောင်းမြို့၏ လူသူအဝင်အထွက် စည်ကားများပြားရာ၊ မြို့နေပြည်သူများ အနားယူအပန်းဖြေ စုဝေးရာ နေရာများဖြစ်သည့် ဘုရင့်နောင်ရုပ်တု ကုန်းမြေနှင့် ဆိပ်ကမ်းသာပန်းခြံတို့ကို ရောဂါကူးစက်မှု ထိန်းချုပ်ရာတွင် ထိရောက်မှုရှိစေရေး



ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တုကုန်းမြေ

အတွက် ယာယီပိတ်ထားလိုက်ခြင်းဖြစ်သည်။

မြို့အတွင်း လူသူစုဝေးရာနေရာဖြစ်သည့် ဈေးများကိုမူ ပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်သဖြင့် လက်ရှိအခြေအနေတွင် ပိတ်သိမ်းခြင်းမပြုသေးဘဲ ဈေးရောင်းသူ ဈေးဝယ်သူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာစေလျက် တာဝန်ရှိအဖွဲ့အစည်းများက အချိန်ပြည့် ကြပ်မတ်စောင့်ကြည့်ကာ ဆက်လက်ဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မြို့နေပြည်သူများအနေဖြင့် မလိုအပ်ပါက အိမ်အပြင်မထွက်ကြရန်၊ လူသူစုဝေးရာ နေရာများသို့ မသွားရောက်ကြရန်နှင့် မဖြစ်မနေ အပြင်ထွက်သွားလာရပါက ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာကြရန်လည်း တာဝန်ရှိအဖွဲ့အစည်းများက စဉ်ဆက်မပြတ် သတိပေးနှိုးဆော်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## မြို့နယ်များ၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က ဆွတ်ငိုင်ရပ်ကွက် သာယာသစ်အပိုင်းရှိ အမက သာယာသစ်ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၆၀၊ မန်ကျည်းရှားပင် ၇၀၊ ပျဉ်းကတိုးပင် ၅၀၊ ပိတောက် ၁၀ ပင်၊ မျောက်ငို ၁၂ ပင်၊ ချယ်ရီ ၁၀ ပင်နှင့် တမလန်းပင် သုံးပင်၊ စုစုပေါင်း ပျိုးပင် ၂၁၅ ပင်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ အတွင်းရေးမှူး ရဲမှူးလှမြင့်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဘိနယ်တာဝန်ခံ တောအုပ် ဦးဇော်ဇော်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာ အသင်းဝင်များ၊ ဆွတ်ငိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ဝါဝါ(ပြန်/ဆက်)**



**လှည်းကူး**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျေးရွာ၌ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့ပြီး ကျေးရွာတွင်း ကုန်ထုတ်လမ်းနှစ်လမ်းဘေး၌ သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်း၍ ဝါးနက်ကုန်းကျေးရွာ ကုန်ထုတ်လမ်း(၁)နှင့် ကုန်ထုတ်လမ်း(၂)တို့၏ လမ်းဘေးဝဲယာ၌ မဟော်ဂနီ၊ မန်ကျည်းရှားနှင့် ပျဉ်းမ ပျိုးပင်ပေါင်း ၅၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်လတ် တက်ရောက်အားပေးခဲ့သည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## မိုင်းဖြတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်

**မိုင်းဖြတ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့အဝင်၌ ကိုဗစ်–၁၉ ကျန်းမာရေး စစ်ဆေးရေးဂိတ် ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဇူလိုင် ၁၀ ရက်မှစ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

မိုင်းဖြတ်မြို့အဝင် ကိုဗစ်–၁၉ ကျန်းမာရေး စစ်ဆေးရေးဂိတ်ကို ကျိုင်းတုံ–မိုင်းဖြတ်–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ် မြို့ဝင် ဘီးခွန်ဂိတ်အနီးတွင် ယာယီဆောက်လုပ်ထားရှိပြီး ဇူလိုင် ၁၂ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ယင်းဂိတ်တွင် ခရီးသွားပြည်သူများအား ကိုယ်ပူချိန်များ တိုင်းတာစစ်ဆေးခြင်း၊ ခရီးသွားရာဇဝင် ကောက်ယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက RDT Test kit ဖြင့် စစ်ဆေးမှုများပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်း၌ လူဦးရေ ၅၀ ဆံ့သည့် ကွာရန်တင်းစင်တာ ထားရှိနိုင်ရေးအတွက် မိုင်းဖြတ်ကျေးရွာအုပ်စု ဟိုနားကျေးရွာ ရိုမန်ကက်သလစ်အသင်းတော်ရှိ ဘော်ဒါဆောင်ကို ပြင်ဆင်ထားသလို အတည်ပြု လူနာဦးရေ ၅၀ အထိ ထားရှိနိုင်ရန်အတွက် ဈေးတန်းရပ်ကွက် ကွက်သစ်ရပ်ရှိ လားဟူနှစ်ခြင်းအသင်းတော် ဘော်ဒါဆောင်ကိုလည်း စီစဉ်ထားကြောင်းနှင့် ယင်းဘော်ဒါဆောင်နှစ်ခု၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် အသင်းတော်မှ တာဝန်ရှိသူများ၏ ခွင့်ပြုချက်များနှင့်အညီသာ လုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကို မြို့နယ် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းထွန်းအေး**



စစ်ဆေးရေးဂိတ် ဖွင့်လှစ်မည့်နေရာတွင် တာဝန်ရှိသူများ စစ်ဆေးနေစဉ်

## စဉ့်ကိုင်မြို့နယ်တွင် ကိုဗစ်–၁၉ ကာကွယ်ရေး အသိပညာပေးပြီး နှာခေါင်းစည်းများဖြန့်ဝေ

**စဉ့်ကိုင် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နေပြည်သူများအား နှာခေါင်းစည်းများကို ဘယ်လင်းတောင်ရင်း လမ်းဆုံရှိ သုခဒါန လူမှုကယ်ဆယ်ရေးရုံးရှေ့၌ ဇူလိုင် ၁၀ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းဝင်းစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်တို့မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သုခဒါန လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ စုပေါင်း၍ နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သိရှိလိုက်နာဆောင်ရွက်စေရေး၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ရေးနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ရှားနေထိုင်ရေး စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို လိုက်နာကြရန် အသိပညာပေးခြင်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းဝင်းသန်း**

## ကိုဗစ်အလွန်ကာလ သနပ်ခါးဈေးကွက် ပြန်လည်ကောင်းမွန်လာစေရန်အတွက် ရွှေ့လျားရောင်းဝယ်ရေးစနစ်ဖြင့် သနပ်ခါးဖြန့်ဖြူးရန် စီစဉ်ထား

ရန်ကုန် ဇူလိုင် ၁၁

ကိုဗစ်-၁၉ ရောဂါကြောင့် သနပ်ခါးအရောင်းအဝယ်ဈေးကွက် ရပ်တန့်လာခဲ့သည့်အတွက် သနပ်ခါးဈေးကွက် ပိုမိုကောင်းမွန်လာစေရန် ကိုဗစ်အလွန်ကာလတွင် ကားဖြင့် လှည့်လည်၍ ရွှေ့လျား သနပ်ခါးရောင်းဝယ်ရေးစနစ်ဖြင့် ဖြန့်ဖြူးသွားရန် စီစဉ်ထားကြောင်း သနပ်ခါး ရောင်းချနေသူများထံမှ သိရသည်။

မြန်မာ့သနပ်ခါးကို ယခင်က ဆယ့်နှစ်ပွဲဈေးများတွင် လှည့်လည်ရောင်းချလေ့ရှိသည့် အပြင် နာမည်ကျော်ဘုရားများတွင် ဆိုင်ဖွင့်၍လည်း ရောင်းချကြပြီး ယခုလက်ရှိအချိန်တွင် ပွဲလမ်းသဘင်များ မကျင်းပနိုင်ခြင်း၊ ဘုရားဖူးများ နည်းပါးခြင်းတို့ကြောင့် သနပ်ခါးဈေးကွက် ပျက်နေခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သနပ်ခါးဖြန့်ဖြူးရောင်းချသူတစ်ဦးက ပြောသည်။

"အရောင်းအဝယ်တွေကတော့ ရောဂါကြောင့် အခုချိန်မှာ အနုတ်ပြနေတဲ့အချိန်ရောက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ သနပ်ခါးဆိုတာက ဆယ့်နှစ်ပွဲဈေးကို အဓိကအားထားပြီး ရောင်းကြရပါတယ်။ အခုက ဆယ်နှစ်လရာသီပွဲတော်တွေကလည်း မရှိဘူး။ ဒါ့အပြင် အနယ်နယ်အရပ်ရပ်က ခရီးသွားလာမှုကလည်း မရှိဘူး။ ဘုရားဖူးဖို့ သီးသန့်ခရီးသွားတဲ့သူ သိပ်မရှိတော့ သနပ်ခါး အရောင်းဆိုင်တွေကလည်း မှာယူတာမျိုး မရှိဘူး။ အရောင်းအဝယ်က မရှိမှတော့ သူတို့လည်း ဘယ်မှာနိုင်မလဲ။ ဒီတော့ ဈေးကွက်ပျက်တာပေါ့"ဟု ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ပထမလှိုင်းတွင် သနပ်ခါးဈေးကွက်အပေါ် ထိခိုက်မှု သိပ်မရှိခဲ့ဘဲ ဒုတိယလှိုင်းတွင် ပိုမိုထိခိုက်ခဲ့ပြီး တတိယလှိုင်းအစကာလတွင်မူ သနပ်ခါးဈေးကွက်မှာ အရောင်းအဝယ်မရှိသလောက် ရပ်တန့်သွားသည်အထိ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သနပ်ခါးကို အများအပြားစိုက်ပျိုးသည့် အရာတော်မြို့နယ်အတွင်း သနပ်ခါးစိုက်ဧကတစ်သိန်းကျော်ရှိပြီး လက်ရှိအချိန်တွင် ဈေးကွက် ရပ်တန့်နေသောကြောင့် သနပ်ခါးပွဲရုံများပါ ပိတ်ထားရကြောင်း သိရသည်။

ထို့ကြောင့် သနပ်ခါးဈေးကွက်ပျက်ခဲ့ခြင်းကို ကုစားရန်နှင့် သနပ်ခါးဈေးကွက် ပိုမိုကောင်းမွန်လာစေရန်အတွက် ကားဖြင့် နယ်မြို့များသို့ လှည့်လည်၍ ရွှေ့လျား သနပ်ခါးရောင်းဝယ်ရေးစနစ်ကို ကိုဗစ်ကာလ အလွန်တွင် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ကိုဗစ်ကာလ ကျော်လွန်၍ လမ်းပန်းဆက်သွယ်ရေး ပြန်ကောင်းချိန်တွင် ရွှေ့လျား သနပ်ခါးရောင်းဝယ်ရေးစနစ်ကို စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Aမင်း**

## သရက်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး


သရက် ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၉၀ ဒသမ ၉၂ သန်းဖြင့် သရက်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ စိုက်ပျိုးမြေ ဧက ၇၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းနှင့် တံတားတစ်စင်းကို ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းသုံးခုလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်/ထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီ ရောက်ရှိရေးအတွက် ကုန်ထုတ်လမ်းနှင့် တံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးလျက်ရှိရာ ယခု ဘဏ္ဍာရေးနှစ်တွင် ဌာနခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၄ သန်းဖြင့် သရက်မြို့နယ်အတွင်းရှိ ပုဏ္ဏားကျေးရွာကုန်ထုတ်လမ်း အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ရွာထောင်ကျေးရွာကုန်ထုတ်လမ်း အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ ခင်းခြင်းနှင့် တပ်ကျေးရွာ၌ ကုန်ထုတ်တံတားအဖြစ် အရှည် ပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ရွှေဆန်းသစ်ဟိန်းကုမ္ပဏီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံးကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားခြင်းဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမင်းဇော်ဟန်က ပြောသည်။

အဆိုပါ ပုဏ္ဏားကျေးရွာ၊ ရွာထောင်ကျေးရွာနှင့် တပ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများ ဆောင်ရွက်နိုင်မှုကြောင့် အဆိုပါ ကျေးရွာသုံးရွာရှိ အိမ်ခြေ ၆၇၁ အိမ်၊ လူဦးရေ ၂၇၀၀ ကျော်တို့၏ စိုက်ပျိုးမြေ ၇၆၇ ဧကမှထွက်ရှိသော လယ်ယာထုတ်ကုန် ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



ရာနှုန်းပြည့်တည်ဆောက်ပြီးနေသည့် တပ်ကျေးရွာ ရေကျော်တံတား

## ပွင့်ဖြူမြို့နယ်အတွင်း စက်မှုလယ်ယာကဏ္ဍတိုးတက်စေရေး ပညာပေးဆွေးနွေး

ပွင့်ဖြူ ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းမှ တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် စက်မှုလယ်ယာကဏ္ဍ၏ အကျိုးထိရောက်မှု အခြေအနေကို သိရှိနိုင်စေရန် ရည်ရွယ်လျက် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ဇူလိုင် ၁၀ ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခင်ဝါဝါလှိုင်က ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အဖြစ် အွန်လိုင်းစနစ်ဖြင့် အသိပညာပေး(Talk Show) ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ပြုလုပ်ရာ ပွင့်ဖြူမြို့ အမှတ်(၄၆) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းက ဒေသခံတောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများ၊ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲကို ပြေလျော့စေနိုင်မှုနှင့် အချိန်တိုအတွင်း လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်မှုများ၊ စိုက်နည်းစနစ်မှန်ကန်၍ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေမည့် နည်းစနစ်များ၊ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် သီးနှံထွက်နှုန်းလျော့နည်းမှု မဖြစ်စေရေးအတွက် စက်ကိရိယာများဖြင့် စနစ်တကျ အချိန်မီရိတ်သိမ်းရန် နည်းလမ်းများ စသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ကဏ္ဍစုံလင်စွာ ပညာပေး ဆွေးနွေးခဲ့သည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အွန်လိုင်းစနစ်ဖြင့် အသိပညာပေး(Talk Show)ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် ကျောင်းနေအရွယ်ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အွန်လိုင်းစနစ်ဖြင့် ပုံပြင်ပြောခြင်း အစီအစဉ်၊ စာအုပ်မိတ်ဆက်ခြင်း အစီအစဉ်၊ မြန်မာ ဆိုရိုးစကားနှင့် စကားပုံများအကြောင်း ပညာပေးအစီအစဉ်များကို ရိုက်ကူးထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ကျောက်ဖြူ ဇူလိုင် ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နေ ပြည်သူများအတွက် ပန်းခင်းစီမံချက်အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၇၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၂၁ ခုကို ပြည်သူများထံသို့




ပေးအပ်ပွဲကို ဇူလိုင်လ ဒုတိယအပတ်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနရုံးခန်း၌ ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီဇော်က ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီးနောက် မြို့နယ်ဦးစီးအရာရှိ ဦးအောင်ကြည်ဦးက မွေးဖွား/သေဆုံး စာရင်းများနှင့် အိမ်ထောင်စုပြောင်း/ဝင်ထွက် ဆိုင်ရာ စာရင်းများ တိကျမှန်ကန်မှုရှိစေရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်အရ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးအရာရှိတို့က ပြည်သူများကိုယ်စား ဆင်ဘုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ရာတွင် အသက် ၁၀ နှစ်ပြည့်ကတ်ပြား အခု ၂၀၊ အသက် ၁၈ နှစ်ပြည့်ကတ်ပြား ၄၆ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်/မိတ္တူ ပြုလုပ်သူ ၅၅ ဦးနှင့် အိမ်ထောင်စု လူဦးရေစာရင်း ၇၅ ခုတို့ကို ပြုလုပ်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း၊ တင်ထွန်းဦး(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် ဒဟက်ကန်ကျေးရွာ၌ မြေသားမိုးရေလှောင်ကန်ပြုပြင်ရန် အကူအညီလိုအပ်နေ

**ညောင်ဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဒဟက်ကန်ကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် မြေသား မိုးရေလှောင်ကန်မှာ ဇူလိုင် ၆ ရက်က ရွာသွန်းခဲ့သည့် မိုးဖြင့် ကန်အတွင်း မိုးရေအဝင်များပြီး ကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ပြန်လည်ပြုပြင်ပေးရန် အကူအညီများ လိုအပ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်စိုးထံမှ သိရသည်။

ညောင်ဦးမြို့နယ် ဒဟက်ကန်ကျေးရွာသည် အိမ်ခြေ ၁၁၀၊ လူဦးရေ ၅၇၀ ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ်လုပ်ကိုင်ကြပြီး နွေ၊ မိုး၊ ဆောင်း သောက်သုံးရေအတွက် ကျေးရွာရှိ မြေသားမိုးရေလှောင်ကန်အား မှီခိုအားထားနေရကြောင်း၊ အဆိုပါ မိုးရေလှောင်ကန်ကြီးမှာ ယခုလ ၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ကန်အတွင်း မိုးရေအဝင်များပြီး တာပေါင်ကျိုးပေါက်မှုဖြစ်ပွားခဲ့၍ ကျေးရွာလူထုအားဖြင့် ပြုပြင်ရန် အခက်အခဲများရှိသဖြင့် ပြန်လည်ပြုပြင်ပေးရန် အကူအညီများ လိုအပ်နေကြောင်း ညောင်ဦးမြို့နယ် ဒဟက်ကန်ကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။



“ကျွန်တော်တို့ ညောင်ဦးမြို့နယ်ဟာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှာ တည်ရှိနေတဲ့အတွက် ကျေးလက်နေပြည်သူတွေဟာ မြေသားမိုးရေလှောင်ကန်များ တူးဖော်၍ မိုးရေစုဆောင်းပြီး နွေ၊ မိုး၊ ဆောင်း သုံးရာသီ သောက်သုံးရေ ရယူသုံးစွဲရတာဖြစ်ပါတယ်။ ဇူလိုင် ၆ ရက်က ရွာတဲ့မိုးကြောင့် ကျွန်တော်တို့ရွာက မြေသား မိုးရေလှောင်ကန်ကြီး မိုးရေအဝင်များပြီး တာပေါင်ကျိုးပေါက်သွားခဲ့ပါတယ်။ တာပေါင်ကျိုးပေါက်မှုကတော့ တာပေါင်အကျယ်ပေ ၁၂၀ ရှိပြီး တာပေါင်အမြင့်ကတော့ ၁၅ ပေလောက် ရှိပါတယ်။ ဒီကန်ကြီးဟာ ကျေးရွာခြောက်ရွာက သောက်သုံးရေ မှီခိုအားထားနေရတာဖြစ်ပါတယ်။ ကျိုးပေါက်သွားတဲ့ မြေသားမိုးရေလှောင်ကန်ကြီးကို မိုးရေပြန်လည်သိုလှောင်စုဆောင်းနိုင်ရန်အတွက် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေလိုပါတယ်” ဟု ဒဟက်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်စိုးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ခမောက်ကြီးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက် ကွန်ကရစ်တံတားပျက်စီး

**ခမောက်ကြီး ဇူလိုင် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ (ခမောက်ကြီး-မာရမ်း)လမ်းပေါ်ရှိ အောင်ချမ်းသာကျေးရွာ ရွာအဝင်၌ အလျားပေ ၃၀ ခန့်ရှိသည့် ကွန်ကရစ်တံတားသည် ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများထိုးဆင်းမှုကြောင့် တံတား၏ တစ်ဖက်တစ်ချက်စီတွင် ၁၀ ပေခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါတံတားပျက်စီးမှုကြောင့် အောင်ချမ်းသာကျေးရွာ၊ ဆိပ်ဖူးကျေးရွာ၊ မာရမ်းကျေးရွာများမှ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

“မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ”

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပဲ့ထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ငှက်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကြိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။

# ဝန်းသိုမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ကုန်ထုတ်လမ်းများ ပျက်စီးမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ဝန်းသို ဇူလိုင် ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ယမန်နေ့က မိုးရေချိန် ၄ ဒသမ ၇၆ လက်မအထိ ရွာသွန်းခဲ့သဖြင့် ဒေါင်းမြူးချောင်းနံဘေးတွင်ရှိသော မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်းများ ပျက်စီးမှု ရှိ/မရှိကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် အင်ဂျင်နီယာအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။**

“ယခင် ကုန်ထုတ်လမ်းမဖောက်ခင်က လယ်ခင်း၊ ယာခင်းတွေကိုသွားရင် အမြဲတမ်း ဒူးဆစ်ကျော်လောက်အထိ ရေကူးသွားရတယ်။ အခုတော့ ကုန်ထုတ်လမ်းကျေးဖူးနဲ့ မိုးတွင်းလည်း လယ်ခင်း၊ ယာခင်းတွေဆီ ရောက်အောင်သွားနိုင်ပါပြီ”ဟု ကျေးရွာခွဲအုပ်ချုပ်ရေးမှူး ဦးငွေမောင်က ပြောသည်။

ယင်းကုန်ထုတ်လမ်းနှင့် ယင်းလမ်းပေါ်ရှိ တံတားများကို ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ခွင့်ပြုငွေကျပ် ၃၄ ဒသမ ၃၀၉ သန်းဖြင့် လမ်းအရှည် (၀/၅)မိုင်၊ ၁၀ ပေအရှည် ကွန်ကရစ်တံတားတစ်စင်း၊ ငါးပေ Box Culvertနှစ်စင်း၊ နှစ်ပေ Pipe Culvert နှစ်လုံးတို့ကို ဆောင်ရွက်ခဲ့ပြီး မိုးရွာသွန်းမှုကြောင့် ပျက်စီးမှု ရှိ၊ မရှိ လမ်းအခြေအနေကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ၂၀၂၁ ခုနှစ် မီနီဘတ်ဂျက်တွင် လျာထားသော ရေဝေမြင်သာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ ကုန်ထုတ်လမ်းကို ယင်းကျေးရွာမှ ရပ်မိရပ်ဖများနှင့်အတူ လမ်းအခြေအနေ၊ မြေနေရာလျာထားနိုင်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုကြောင်း သိရသည်။

**ကျော်မြိုင်**



# မိုင်းနောင်မြို့၌ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များ ဘေးကင်းလုံခြုံမှုရှိစေရေး ပြန်လည်ပြင်ဆင်ခြင်းများဆောင်ရွက်

**မိုင်းနောင် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်မြို့အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ယနေ့နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များကို စနစ်တကျ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်၊ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဝင်များက မြို့ဝင် မြို့ထွက်များတွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များတွင် တာဝန်ကျသော ဝန်ထမ်းများနှင့်စေတနာရှင်များ၊လုပ်အားဒါနအလှူရှင်များ ဘေးကင်းလုံခြုံမှုရှိစေရန် စနစ်တကျ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များကို လဲချား-မိုင်းနောင် အဝင်လမ်းတွင်လည်းကောင်း၊ ခိုလမ်- မိုင်းနောင်-မိုင်းရှူး အဝင်လမ်းတွင်လည်းကောင်းဖွင့်လှစ်ထားရှိကာ မိုင်းနောင်မြို့အတွင်းသွားလာနေသော ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လက်ဆေးဘေစင်များ၊ လက်သန့်ဆေးရည်များ ထားရှိပေးခြင်း၊ စစ်ဆေးရေးဂိတ်မှ(၆)ပေအကွာမှနေ၍ ခရီးသွားရာဇဝင်မှတ်တမ်းယူခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။မနန်း(မိုင်းနောင်)



# မင်းဘူး(စကု)မြို့နယ်၌ သနပ်ခါးကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး

**မင်းဘူး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာတွင် သနပ်ခါးပင်များကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထားကြကြောင်း ကန်ရေကျေးရွာ သနပ်ခါးစိုက် တောင်သူများထံမှ သိရသည်။

သနပ်ခါးပင်များ စိုက်ပျိုးရာတွင် ၁၉၈၅ ခုနှစ်က စတင်စိုက်ပျိုး၍ စိုက်ပျိုးသည့်သက်တမ်း ၃၆ နှစ်ရှိပြီဖြစ်ကာ သနပ်ခါးပင်များ စတင်စိုက်ပျိုးစဉ်က ပျိုးပင်ပေါင်း ၁၀၀၀၀ ကျော်စိုက်ပျိုးပြီး သနပ်ခါး သုံးစွဲသူ များများစားစား မရှိသလို စိုက်ပျိုးသူလည်း လွန်စွာ နည်းပါးကြောင်း သိရသည်။ နောက်ပိုင်းတွင် သုံးစွဲသူများ များပြားလာသည့်အပြင် ရွှေစက်တော်ဘုရားပွဲတော် ကျင်းပသည့် အချိန်များတွင် ငွေကျပ်သိန်း ၂၀ ဖိုးခန့် ရောင်းချရပြီး ယခုအချိန်အထိ သနပ်ခါးရောင်းချမှုမှ ငွေကျပ်သိန်း ၃၅၀ ရောင်းချရသည့်အတွက် သနပ်ခါး ၁၅ ဧက တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

သနပ်ခါးကို အပင်ပေါက်ကလေး သို့မဟုတ် ပျိုးပင် တစ်လခွဲသား အရွယ်မှစတင်ကာ စိုက်ပျိုးရသည်။ အရွယ်ရောက်မှစိုက်လျှင် အပင်ကြီးထွားနှုန်းနှေးပြီး ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းတော့ပေ။ တစ်ပင်နှင့် တစ်ပင် ငါးပေ၊ လေးပေ အကျယ်ထားပြီး အတန်းလိုက် စိုက်ပျိုးကြသည်။ တစ်လခွဲသား အရွယ်မှစတင်စိုက်ပျိုးကာ ခုနစ်နှစ်သားအရွယ်သို့ ရောက်လျှင် ခုတ်လှဲရောင်းချလို့ရကြောင်း သိရသည်။

"ဦးလေးကတော့ သနပ်ခါးကို နှစ်ရှည်ပင်ဖြစ်ပေမယ့် အပူပိုင်းရာသီဥတုနဲ့လည်း ကိုက်ညီတယ်။ သနပ်ခါးပင်တွေရှိနေတဲ့အတွက် အအေးဓာတ်လည်းရတယ်။ မြေဆီလွှာခန်းခြောက်မှုလည်း မရှိတော့ဘူး။ ဦးလေးရဲ့ သားတွေ၊ သမီးတွေ နောင်ရေးအတွက် စိုက်ပျိုးတာဖြစ်ပြီး မြန်မာ မိန်းကလေးတွေရဲ့ အလှအပရေးရာအတွက်သာ အသုံးပြုတဲ့ပစ္စည်း မဟုတ်ဘဲ ကလေးလူကြီး မိဘဘိုးဘွားများပါမကျန် လိမ်းကျံခြယ်သကာ ဆေးဝါးတွေအဖြစ်နဲ့ အသုံးပြုလို့ရတဲ့အပြင် မြန်မာလူမျိုးတွေသာမက ကမ္ဘာ့အရပ်ရပ်က ခရီးသွားပြည်သူတွေကိုလည်း မြန်မာနိုင်ငံအလယ်ပိုင်းရဲ့ ထွက်ကုန်တစ်ခုအနေနဲ့ လက်ဆောင်ပစ္စည်းအဖြစ် ရောင်းချလို့ရနေတာကြောင့် စိုက်ပျိုးဖြစ်တာပါ"ဟု မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာမှ သနပ်ခါးပင်များ တိုးချဲ့စိုက်ပျိုးသူ ဦးတင်အောင်က ပြောသည်။ သနပ်ခါးကို ကန်ရေကျေးရွာအပြင် မင်းဘူး၊ ကုန်းသာ၊ ရွာမကန်၊ ကျောက်တန်း၊ ရေမျက်၊ မုန်တောင်၊ သီးကုန်းနှင့် အနီးအနားကျေးရွာများတွင်လည်း သနပ်ခါးပင်များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် -

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)

# အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် -

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁) ရက်နေ့၊ နံနက်(၀၈၀၀) နာရီမှစတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့ သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် (၀၈၀၀)နာရီမှ ည (၂၁၀၀) နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇- ၃၄၃၁၅၀၈
(၂) ၀၆၇- ၃၄၃၁၅၀၉
(၃) ၀၆၇- ၃၄၃၁၁၄၄
(၄) ၀၉- ၈၈၂၅၅၇၉၉၁
(၅) ၀၉- ၈၈၂၅၅၇၉၉၂
(၆) ၀၉- ၈၈၂၅၅၇၉၉၃

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျောင်းကုန်းမြို့နယ်တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ကျောင်းကုန်း ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများကို ဗိုလ်ချုပ်ပန်းခြံအနီး မြို့ထိပ်စစ်ဆေးရေးဂိတ်၌ ယနေ့နံနက် ၈ နာရီခန့်က အခမဲ့ဖြန့်ဝေပေးသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။ ဆက်လက်၍ ကျောင်းကုန်း- အိမ်မဲလမ်းဆုံ မြစ်ကူးတံတားအောက်၌ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။



ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့သူ ၁၄၆ ဦးအထိရှိပြီး ဆေးရုံဆင်းခွင့်ရသူ ၄၅ ဦး ရှိကာ ဆေးကုသမှုခံယူလျက်ရှိသူ ၁၀၁ ဦးရှိနေသဖြင့် ဆက်လက်ကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ကော့ကရိတ်မြို့၌ နေအိမ်ပြင်ပထွက်ခွာ သွားလာသူများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်အသုံးပြုခြင်း မရှိပါက စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်

**ကော့ကရိတ် ဇူလိုင် ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် တတိယအကြော့အဖြစ် ပြန်လည်ဖြစ်ပွားလာသော ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့တွင်းရှိ လမ်းဆုံလမ်းခွများ၌ ပါးစပ်၊ နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် အသိပညာပေးကြေညာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ယနေ့နံနက် ၈ နာရီမှစ၍ နေအိမ်ပြင်ပထွက်ခွာသွားလာသူများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်အသုံးပြုခြင်းမရှိသူများအား စစ်ဆေးအရေးယူခြင်းကို ကော့ကရိတ်မြို့ဝင်ဂိတ်နှင့် လမ်းဆုံများ၌ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ် - ၁၉ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က အဖွဲ့သုံးဖွဲ့ခွဲ၍ အမှတ် (၆) ရပ်ကွက်၊ ဇိနသုခဘုရားရှေ့ မြို့ဝင်ဂိတ်၊ အမှတ် (၃)ရပ်ကွက် မြို့မရဲစခန်းရှေ့ မီးပွိုင့်နှင့် တောင်ပေါ်ကျောင်းလမ်းဆုံတို့တွင် သွားလာလျက်ရှိသည့် လမ်းသွားလမ်းလာပြည်သူများအနက် နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူ ၁၂၈ ဦးတို့အား တစ်ဦးလျှင် ဒဏ်ငွေကျပ် ၂၀၀ ဖြင့် အရေးယူဆောင်ရွက်ကြောင်း သိရသည်။

**စောအောင်မျိုးလွင် (ပြန် / ဆက်)**





# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဂ္ဂထ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း
(၂၅) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း**

၆၅၄။ ဦးချစ်နိုင်နှင့်မိသားစု နေပြည်တော် ၅၅၅၀၀၀
ပြည်ထောင်စုဝန်ကြီး(ပြန်ကြားရေးဝန်ကြီးဌာန)
၆၅၅။ ဒေါ်ယဉ်ယဉ်အေး နေပြည်တော် ၁၀၀၀၀၀၀
ညွှန်ကြားရေးမှူး-လမ်းဦးစီးဌာန (လမ်းမီးတိုင် ၁ တိုင်လှူဒါန်း)
၆၅၆။ ဦးမင်းစိန်+ဒေါ်မော်မော်သန့် ပုသိမ်မြို့ ၁၀၀၀၀၀
၆၅၇။ ဦးမျိုးလှိုင်နှင့်မိသားစု နေပြည်တော် ၉၀၀၀၀၀
ဒုတိယဝန်ကြီး(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)
၆၅၈။ အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ) ရန်ကုန်မြို့ ၁၅၄၅၀၀
ဝန်ထမ်းများ(မစက)
၆၅၉။ ဦးအောင်လွင်ဦးနှင့်မိသားစု နေပြည်တော် ၂၀၀၀၀၀
အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
၆၆၀။ နှစ်ဖက်သောမိဘများအားအမှူးထား၍ နေပြည်တော် ၄၀၀၀၀၀၀
ဦးစန်းမြင့်+ဒေါ်အုန်းမြင့်
၆၆၁။ ဦးကျော်ဝင်းသိန်း+ဒေါ်ညိုညိုလွင် နေပြည်တော် ၂၀၀၀၀၀
(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) (ကြွေပြား(၁)ကျင်းလှူဒါန်း)
၆၆၂။ ဦးစည်သူဆွေ ရန်ကုန်မြို့ ၅၀၀၀၀
၆၆၃။ ကွယ်လွန်သူ ဦးရဲမြင့်အားရည်စူး၍ နေပြည်တော် ၁၅၀၀၀၀
ဇနီး ဒေါ်ညွန့်ကြည်
၆၆၄။ ဒေါ်ခင်စန်းဦး၊ ဒေါ်ခင်စန်းရီ၊ မန္တလေး ၇၀၀၀၀၀
ဒေါ်ကြည်ကြည်ဌေး
(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း)
၆၆၅။ ဒေါက်တာသက်ခိုင်ဝင်းနှင့်မိသားစု နေပြည်တော် ၁၁၀၀၀၀၀
ပြည်ထောင်စုဝန်ကြီး(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)
၆၆၆။ ဦးသိန်းစိုးနှင့်မိသားစု နေပြည်တော် ၅၀၀၀၀၀
ဥက္ကဋ္ဌ(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
၆၆၇။ ဒေါ်နွယ်နွယ်စန်း ချောက်မြို့ ၁၀၀၀၀
၆၆၈။ ဗိုလ်ကြီးဇင်ဗိုလ်ထွန်း+ဒေါ်ဝတ်မှုံဖူး နေပြည်တော် ၅၀၀၀၀
(သမီး)မပန်သုစံ
၆၆၉။ ဒုအရာခံဗိုလ်တင်အောင်မြင့်(ငြိမ်း)+ ရန်ကုန်မြို့ ၁၀၀၀၀၀
ဒေါ်မြချို
၆၇၀။ ဦးလှသိန်း(ဦးဆောင်ညွှန်ကြားရေးမှူး ငြိမ်း) နေပြည်တော် ၇၀၀၀၀၀
ဒေါ်မာလာမျိုးစိန်မိသားစု
၆၇၁။ ဦးခင်မောင်ဝင်း+ဒေါ်တင်အေး ကျိုက်ထိုမြို့ ၂၀၀၀၀၀
၆၇၂။ ဦးဝင်းမောင်+ဒေါ်အေးမြင့် မိတ္ထီလာမြို့ ၇၁၀၀၀
(ပြည့်စုံအထည်ဆိုင်)
၆၇၃။ ဗိုလ်မှူးကြီးဘဆန်း(ငြိမ်း)+ဒေါ်မြမြစိန် နေပြည်တော် ၁၀၀၀၀၀
၆၇၄။ ဒေါ်စန်းစန်းတင့် ဘားအံမြို့ ၅၀၀၀
၆၇၅။ ဦးသိန်း+ဒေါ်အေးချစ် မိတ္ထီလာမြို့ ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)
၆၇၆။ ဒေါ်ခင်ပပ(မောင်) ဦးခင်မောင်ထွေး မိတ္ထီလာမြို့ ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)
၆၇၇။ ဒေါ်ရှမ်း၊ ဒေါ်ချိုချို မိတ္ထီလာမြို့ ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)
၆၇၈။ ဦးသန်းအောင်ကျော်နှင့်မိသားစု နေပြည်တော် ၅၀၀၀၀၀
ဒုတိယဝန်ကြီး(ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)
၆၇၉။ ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင်(ရေ-ငြိမ်း) ရန်ကုန်မြို့ ၅၅၇၀၀၀၀
+ဒေါ်ချစ်ချစ်မြင့်(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်-
တွဲဖက်ပါမောက္ခ-ငြိမ်း) (သား)မောင်ဘုန်းမြင့်အောင်(သမီး)
မယုယုအောင်၊ မလင်းလင်းအောင် (သုဓမ္မာဇရပ်လှူဒါန်း)
၆၈၀။ ဦးကျော်စိုး(အဓိပတိလယ်ယာထွက်ကုန်) ရန်ကုန်မြို့ ၁၅၀၀၀၀၀
၆၈၁။ Star High Co.,Ltd. ရန်ကုန်မြို့ ၃၇၀၀၀၀
ဝန်ထမ်းများ(မစက)
၆၈၂။ ဦးစန်းလွင်ဦး+ဒေါ်ခင်လေးမြင့် ရန်ကုန်မြို့ ၁၁၀၀၀၀
(သား)မောင်နေလင်း၊ မောင်စန်းယု
၆၈၃။ ဦးချစ်သိန်း+ဒေါ်သန်းမြင့် မြိတ်မြို့ ၁၀၀၀၀၀
(သား)တပ်ကြပ်ကြီးကျော်မော်
၆၈၄။ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးဦး+ မင်္ဂလာဒုံ ၅၀၀၀၀၀
ဒေါ်ဝါဝါအောင်(သမီး)မယွန်းဝတီဦး
၆၈၅။ ဦးရဲဝင်း+ဒေါ်တင်တင်ဌေး မရမ်းကုန်း ၂၀၀၀၀၀
သားသမီးမြေးတစ်စု
၆၈၆။ ဒေါက်တာဘမောင်နှင့်မိသားစု နေပြည်တော် ၂၀၀၀၀၀
အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
၆၈၇။ ဒုတပ်ကြပ်တင်မောင်ဝင်း+ မိတ္ထီလာမြို့ ၅၀၀၀၀
ဒေါ်ခင်စန်းဝင်း
၆၈၈။ ဦးကျော်စိုးလင်း+ဒေါ်နန်းနန်းကြည် နေပြည်တော် ၃၆၀၀၀၀
(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)

## ဒေါ်ကြူကြူ
### (အထက-၁)မုံရွာမြို့
### အသက်(၈၄)နှစ်

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ သစ္စာလမ်းသွယ်(၁)၊ စိန်ရတနာပုံနှိပ်တိုက်နေ (ဦးလှမြင့်စိန်)(မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းနိုင်မြင့်-ဒေါ်စောကလျာသန်း၊ ဦးကျော်ခိုင်မြင့်-ဒေါ်သီတာစန်း၊ ဦးတင့်လှိုင်မြင့်-ဒေါ်နွယ်နွယ်ဦး၊ ဦးစိုးပိုင်မြင့်-ဒေါ်သီတာချို၊ ဦးတိုးမြိုင်မြင့်-ဒေါ်ကေသီစိုး၊ ဦးသန့်ဇင်-ဒေါ်သန္တာမြင့်၊ ဦးချမ်းသာ-ဒေါ်အိသီရိခိုင်တို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ် နှစ်ယောက်တို့၏အဘွားသည် ၁၀-၇-၂၀၂၁ရက် (စနေနေ့) ည ၁၀:၅၀နာရီတွင် မန္တလေးမြို့ရှိ သမီးဖြစ်သူ၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စုစု(B.A)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### စက်မှုစီမံကိန်းဦးစီးဌာန
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ အမှတ်(၃)၊ အခန်း(၄)နေ (ဦးအေးမောင်-ဒေါ်ကြူးသင်)၊ (ဦးထွန်း - ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ တရားလွှတ်တော်ရှေ့နေ ဦးအောင်မြင့်၏ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဦး)-ဒေါ်ခင်မိုးဆွေ၊ ဦးအုန်းသိန်း(ဒုလ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုစီမံကိန်းဦးစီးဌာန)-ဒေါ်ချိုချိုမြင့်၊ ဒေါ်ကြူကြူမြင့်(ခေတ္တ-ဂျပန်နိုင်ငံ)၊ ဒေါက်တာလှိုင်အောင်ထွန်း( ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပြည်တက္ကသိုလ်)-ဒေါက်တာမူမူမြင့်(ပါမောက္ခချုပ်-ငြိမ်း၊ တောင်ကြီးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက် တို့၏ဘွားဘွားကြီးသည် ၁၀-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဇင်အောင်
### B.Econ(Mathematical Statistics )(1968–1972)
### ဦးစီးအရာရှိ(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၇၀)

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဟသ်ာလမ်း၊ အမှတ် ၈၈/၂နေ (ဦးမြင့်ကျော်-ဒေါ်လှရွှေ)တို့၏ သား၊ (ဦးစိုးတင့်-ဒေါ်အေးမြင့်)တို့၏သားသမက်၊ (ဒေါ်ဆွေဆွေတင်)၏ခင်ပွန်း၊ ဒေါ်ထားထားရီ၊ ဦးတင်မိုး-ဒေါ်စန်းစန်းအောင် တို့၏မောင်၊ (ဦးဝင်းကြည်)-ဒေါ်ဆွေဆွေအောင်၊ ဦးလွင်အောင်-(ဒေါ်ခင်ခင်အေး)၊ ဦးဗိုလ်လွင်-ဒေါ်မြင့်မာအေး၊ ဦးစောလင်း-ဒေါ်ဥမ္မာကျော်တို့၏အစ်ကို၊ ဦးမင်းအောင်မျိုးသန်း(EE.YESC)-ဒေါ်အေးဆွေဇင်၊ ဦးသန့်ထက်ဇင်(Second Mate, Uniteam Marine)-ဒေါ်သင်းမြသဇင်ဟန်တို့၏ ချစ်လှစွာသောဖခင်၊ မသက်နှင်းစု၊ မောင်ဘုန်းဝေယံမင်း၊ မောင်ဇင်လင်းထက်တို့၏အဘိုးသည် ၁၀-၇-၂၀၂၁ရက် ညနေ ၄:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ လတ်တလောဖြစ်ပွားနေသော Covid- 19 အခြေအနေအရ လိုက်ပါပို့ဆောင်ခြင်း မပြုပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကိုကိုလွင်(ထားဝယ်)
### ငွေပင်လယ် ငါးမုန့်
### အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ(ဦးချောင်းယုံ)-ဒေါ်ခင်ခင်ဝင်း(အထက်တန်းပြ-ငြိမ်း)တို့၏သား၊ ထားဝယ်မြို့နေ (ဦးတင်မြ-ဒေါ်ခင်လှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သလ္လာဝတီလမ်း၊ အမှတ် ၁၂/ B-3နေ ဒေါ်သန်းသန်းရှိန်(ငွေပင်လယ်ငါးမုန့်)၏ချစ်လှစွာ သောခင်ပွန်း၊ ကိုကျော်သူရိန်ဖြိုး၊ ကိုကျော်ဝေယံထက်- မနှင်းသဇင်ဖြိုး(ခေတ္တ-စင်ကာပူ)၊ ကိုကောင်းခန့်ကျော်(ခေတ္တစင်ကာပူ)တို့၏ချစ်လှစွာသောဖခင်သည် ၁၁-၇-၂၀၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ နဝင်းတိုးချဲ့၊ ဦးပိုင်အမှတ်(၁၂၆)မှ မြေဧရိယာ ဝဒသမ ၀၅၅ ဧကရှိ မြေကွက် သည် မူလတွင် ဦးမောင် စိန့်အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဦးမောင်စိန် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဖြစ်သူ ဒေါ်လှမြင့်မှ ၁၇-၁၁-၂၀၂၀ ရက်တွင် အဆိုပါ မြေကွက်ကို ဒေါ်ခင်စောကြူအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၁၀၇/၂၀၂၀)ဖြင့် စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီး ဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူမှ ဒေါ်ခင်စောကြူအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့

## ဦးသိန်းမြင့်ဝင်း(ခ)ဦးလူချော
### ပန်းနုရောင်-ကဖီးနှင့်စားဖွယ်စုံ
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၃၇)နေ (ဦးတင်လှိုင်)(ရပ်ရှင်လုပ်ငန်း)-ဒေါ်ယဉ်ယဉ်ဆွေ (ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း၊ MITS/MAPT-ငြိမ်း)တို့၏သား၊ ဒေါ်ဆန်းလင်းလင်းလတ် ၏ခင်ပွန်း၊ ဦးအောင်မြတ်-ဒေါ်မြတ်မြတ်ခိုင်တို့၏မောင်၊ ဦးအောင်အောင်-ဒေါ်အေးအေးခိုင်တို့၏အစ်ကို၊ မတင်ဇာဆွေ၊ ကိုအောင်ပြည့်-မအိမြတ်မွန်၊ ကိုကျော်ဇင်သွေး၊ မောင်ဘုန်းမြင့်ကျော်တို့၏ဦးလေးသည် ၁၀-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယ ဗိုလ်မှူးကြီး ကျော်စွာဦး - ဒေါ်စုစုခင်တို့၏ မိခင်ကြီး ဒေါ်သိန်းသိန်းလွင် သည် ၁၀-၇-၂၀၂၁ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
တပ်မတော်နည်းပညာတက္ကသိုလ်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)

## ဦးမြ
### ညွှန်ကြားရေးမှူး(တရားမ-ငြိမ်း)
### ဗဟိုတရားရုံး
### အသက်(၉၁)နှစ်

(ဦးကျော့-ဒေါ်အုံးမြင့်)တို့၏သား၊ (ဦးသန်းရွှေ)၏ညီ၊ ဒေါ်လှမြင့်၊ ဦးအောင်မြင့်၊ ဦးစိန်ကြိုင်၊ ဒေါ်တင်တင်အေး၊ ဦးအောင်ကြီးတို့၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်(၂)၊ သဇင်နွယ်လမ်း၊ အမှတ် ၇၉နေ (ဒေါ်လှမေ)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဒေါက်တာဒေါ်ခင်မေမြ၊ ဗိုလ်မှူးကြီး(ငြိမ်း)ဒေါက်တာ ဒေါ်ဝင်းမြ-ဦးစံထွန်းချိန်၊ ဒေါက်တာ ဒေါ်စန်းမြ၊ ဒေါက်တာဝင်းဇော်-ဒေါက်တာ မာလာမင်းဒင် တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါက်တာအောင်နိုင်ထွန်း၏ အဘိုးသည် ၁၀-၇-၂၀၂၁ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၁ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဥပဒေပညာရှင်ဆရာကြီး ဦးမြ
### အသက်(၉၁)နှစ်

သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့်ပြည့်စုံသော ဥပဒေပညာရှင် ဆရာကြီး ဦးမြသည် ၁၀-၇-၂၀၂၁ရက် ည ၇:၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ ကြွင်းကျန်ရစ်သော ဆရာကြီး၏ ရုပ်ကလာပ်ကို ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ ၁၁-၇-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာအသိပေး အပ်ပါသည်။

(စံတင်)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၉၃/၁၉၈၈)
ဖုန်း-၀၉-၅၄၁၈၈၄၇

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်အေးအေးသာ(Margaret Po Tha)
### အလယ်တန်းပြဆရာမ(ငြိမ်း)၊ အထက(၅) ကမာရွတ်
### အမှုဆောင်(မော်လမြိုင်အသင်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်(၉၆-A)နေ (ပါမောက္ခဦးဘိုးသာ-ဒေါ်ရင်မိ)တို့၏သမီး၊ (ဦးသန်းဇေ-ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ (ဦးစိန်ထွန်း)၊ (ဦးလှထွန်း)၊ (ဦးမြင့်သိန်း)-ဒေါ်ရီရီသာတို့၏ညီမ၊ (ဦးခင်မောင်လတ်)၏ချစ် လှစွာသောဇနီး၊ ဦးလှကျော်စန်း-ဒေါ်မဥ္ဇူလတ်တို့၏ချစ်လှစွာသောမိခင် ဒေါ်အေးအေးသာသည် ၉-၇-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀:၅၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသီ
### စား/ထွေ (ငြိမ်း) မန္တလေးမြို့
### အသက်(၇၈)နှစ်

(ဦးကျော်-ဒေါ်တင့်)တို့၏ သမီး၊ ဦးကံရှိန် (ဟိုတယ်/ခရီး-ငြိမ်း)၏ဇနီး၊ ဦးမျိုးဇော်ရှိန်၊ ဒေါက်တာဒေါ်ခင်သော်တာရှိန်၊ ဒေါက်တာဒေါ်ခင်ကေရီရှိန်တို့၏ မိခင်ဖြစ်သူ ဒေါ်မြသီသည် ၁၀-၇-၂၀၂၁ ရက် ညနေ (၄:၅၀) နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ဝင်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းညွှန့်-ဒေါ်တင်မေ)တို့၏သမီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၁) ခေါင်ရမ်းလမ်းနေ ဦးသိန်းလွင် (အင်္ဂလိပ်စာ)၏ ချစ်လှစွာသော ဇနီး၊ အမေရိကန်နိုင်ငံ ဗာဂျီနီးယားမြို့နေ ကိုဝင်းလွင်-မခင်ခင်ဝင်း၊ မြေး Alexis, Madi တို့၏ မိခင်နှင့် အဘွား၊ ရန်ကုန်မြို့နေကိုမြတ်မင်း-မခင်နှင်းလွင်၊ မြေး မချစ်မြတ်နိုးခင် @ Pinky တို့၏ မိခင်နှင့် အဘွား၊ ဦးဖေတင်-(ဒေါ်အေးမြင့်)၊ (ဦးတင်အောင်)-ဒေါ်ခင်ဆွေဝင်း၊ ဦးစိုးအောင်-(ဒေါ်ခင်သီ)၊ (ဦးငွေအောင်)-ဒေါ်ခင်စုတို့၏ ညီမ၊ ဒေါ်သန်းသန်း၊ ဦးတင်ဝင်း-ဒေါ်ထွေးထွေးတို့၏ အစ်မ ဒေါ်ခင်ဝင်းသည် ၁၀-၇-၂၀၂၁ ရက် (စနေနေ့) နံနက် (၃:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသိန်းလွင်(မုံရွာ)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### နိုင်ငံတော်ကောင်စီရုံး
### အသက်(၉၉)နှစ်

မုံရွာမြို့နေ (ဦးမြိုင်-ဒေါ်လှစိန်)တို့၏သား၊ (ဒေါက်တာခင်-ဒေါ်ကြင်စိန်)တို့၏သားသမက်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ အောင်သုခလမ်းနေ ဒေါ်ဝင်းရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာ ဦးဇော်ဝင်းလွင်)(ထူးမြတ်ဆေးရုံ)-ဒေါ်သန်းသန်းနွယ်၊ ဦးဇော်မင်းလွင်-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်လင်းလွင်-ဒေါ်အုန်းမြင့်(Bright ကိုယ်ပိုင်ကျောင်း)၊ ဒေါက်တာဥဏ်လင်း-ဒေါက်တာရီရီလွင်(အေးရိပ်သာ သွားခံတွင်း ဆေးကုခန်း)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်အိအိလွင်-ဦးနိုင်ဝင်း၊ ဒေါ်သက်သက်ဇင်ဦးကျော်ဇင်မင်း-ဒေါ်ကြည်ကြည်သန်း၊ ဒေါက်တာနှင်းအိလွင်-ဦးထင်လင်းအောင်၊ ဒေါက်တာညိမ်းအိလွင်-ဒေါက်တာရဲဝင်း၊ ဒေါ်ထွေးအိလွင်၊ ဒေါက်တာဝတ်ရည်လင်း-ဒေါက်တာရဲဟိန်းအောင်၊ ဒေါ်ဝတ်မှုန်လင်း-ဒေါက်တာကျော်သီဟစိုးတို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၇-၂၀၂၁ ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၁ရက် ညနေ ၃နာရီတွင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွှန့်မောင်
### အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းတပင်ရွှေထီးလမ်း၊ အမှတ်(၃၅၇)နေ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ မမြင့် မြင့်ခင်၊ ဦးမောင်မောင်မြင့်-ဒေါ်မူမူကြည်၊ မောင်သန့်ဇင်ထွန်း-မရွှေဇင်ညို တို့၏ဖခင်၊ မဆုမြတ်သန့်ဇင်၏အဘိုးသည် ၁၁-၇-၂၀၂၁ရက် နံနက် ၃နာရီတွင် ၉၆ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ညွှန့်(စစ်ကိုင်းမြို့)
### (လက်ထောက်အင်ဂျင်နီယာချုပ်-ငြိမ်း)
### အသက်(၈၇)နှစ်

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်နေ (ဦးသိန်းဖေ-ဒေါ်အေးကြည်)တို့၏သား၊ (ဒေါ်ညွှန့်စိန်)၏ခင်ပွန်း၊ ဒေါ်တင်လှ၊ ဒေါ်ခင်မေတို့၏မောင်၊ ဒေါ်ခင်ရွှေ၏အစ်ကို၊ ဦးမျိုးသန့်-ဒေါ်ကောင်းထက်ထက်၊ ဦးမိုးအောင်-ဒေါ်ခင်စောအေး၊ ဒုဗိုလ်မှူးကြီး ဝေမိုးအောင်-ဒေါ်နုယဉ်အောင်တို့၏ဖခင်၊ မစောစန္ဒီအောင်၊ မအေးသဥ္ဇာအောင်၊ မသိမ့်သံဇဉ်၊ မောင်လွှမ်းဝေပိုင်တို့၏အဘိုးသည် ၁၀-၇-၂၀၂၁ရက် နံနက် ၈:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂ ဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးမောင်(ရေဦး)
### ကျောင်းဆရာ(ငြိမ်း)
### အသက်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ က-၆၊ အိမ်အမှတ်(၁၃)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဒုဗိုလ်မှူးကြီး သောင်းစိန်ဦး(ငြိမ်း)-ဒေါ်သူဇာမြင့်၊ ဦးဝင်းနိုင်ဦး-ဒေါ်ခင်ထားမြင့်၊ ဦးအောင်ကျော်ဦး-ဒေါ်သန်းသန်းအေး၊ ဦးအောင်စိုးဝင်း -ဒေါ်သန်းသန်းငွေ၊ တကကဲ/စရ ကျော်နိုင်ထွန်း(မဆရ-၁၊ နန်းတွင်း)၊ ဦးမျိုးမင်းထွန်း-ဒေါ်နီနီမွန်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၇-၂၀၂၁ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် မိတ္ထီလာတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးမောင်(ရေဦး)
### ကျောင်းဆရာ(ငြိမ်း)
### အသက်(၈၆)နှစ်

သူငယ်ချင်း ဒုဗိုလ်မှူးကြီး သောင်းစိန်ဦး(ငြိမ်း)၏ချစ်လှစွာသောဖခင် ဦးအေးမောင်သည် ၉-၇-၂၀၂၁ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၉)သူငယ်ချင်းများနှင့်မိသားစုများ

## ဦးခင်အောင်လွင်
### (မြန်မာ့သင်္ဘောကျင်းဆင်မလိုက်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ်(၂၃)နေ ဒေါ်အုန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးရန်လင်းဦး-ဒေါ်မြတ်သန္တာထွေး၊ ဦးကျော်လင်းဦး-ဒေါ်မေမြတ်မွန်တို့၏ ချစ်လှစွာသော ဖခင်၊ မဖြိုးသိင်္ဂီ၊ မလမင်းအိမ်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၀-၇-၂၀၂၁ ရက် (စနေနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးအောင်(မောင်စိုး)
### အသက် (၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၀၊ ၁၅၂လမ်း၊ ဗျိုင်းရွာမရပ်ကွက်နေ ဦးသောင်းတင်-ဒေါ်ကျင်လွမ်တို့၏သား၊ (ဦးကြည်ဝင်း)-ဒေါ်တင်တင်လွမ်၊ (ဒေါ်အေးအေးသန်း)၊ ဦးဝင်းထွန်း-ဒေါ်မြင့်မြင့်လွမ်၊ ဦးခင်မောင်လတ်-ဒေါ်သန်းသန်းဝင်းတို့၏မောင်၊ ဦးမင်းမင်းဦး-ဒေါ်ခင်ခင်မိုးတို့၏အစ်ကို၊ ဒေါ်စန်းစန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟစိုး (ဆေး-၁)၊ မောင်ရာဇာစိုး၊ မောင်ထူးဟန်စိုး (အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၇-၂၀၂၁ရက် (စနေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ယနေ့ မာ တိ ကာ**

## အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ CDM ပြုလုပ်နေသူများအား ငွေကြေးထောက်ပံ့သူ အမျိုးသမီးတစ်ဦးနှင့် CDM ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့အား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ ၁၂

## ဗိုင်းရပ်စ်ကို တောမီးလို ဆက်လက်ပျံ့နှံ့ခွင့်ပေးမယ်ဆိုရင် သန်းနဲ့ချီတဲ့ လူသားတွေ အန္တရာယ်ရှိလာနိုင်

နိုင်ငံတကာရေးရာ စာ ၁၄

## COVID – 19 ရောဂါ ခတ်ခွဲအတည်ပြုလူနာသစ် ၃၄၆၁ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၈၂ ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း ၃၈၃၈ ဦးရှိ**

ပြည်တွင်းသတင်း စာ ၁၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ ခုတို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၈၅ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

## အိမ်ရှင်ဘရာဇီးကို အနိုင်ယူကာ ကိုပါအမေရိကဖလားကို အာဂျင်တီးနား ဆွတ်ခူး

ကိုပါအမေရိကဖလား ဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားအသင်းနှင့် အိမ်ရှင်ဘရာဇီးအသင်းတို့ပွဲစဉ်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးရှိ မာရာကနာ အားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကိုပါအမေရိကဖလားကို (၁၅) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကွင်းလယ်ကစားသမား ဒီမာရီယာက သွင်းယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖



ကိုပါအမေရိကဖလား ဆွတ်ခူးပြီးနောက် အာဂျင်တီးနားကစားသမားများ အောင်ပွဲခံနေစဉ်။

## ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အကြမ်းဖက်ဖောက်ခွဲရေးသမားငါးဦးအား လက်လုပ်မိုင်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်တွင် အကြမ်းဖက်ဖောက်ခွဲရေးသမား ငါးဦးအား လက်လုပ်မိုင်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟသ္တာကုန်းရပ်ကွက် မွန်စံပြ(၄)လမ်းထိပ်ရှိ အပျိုကြီး လက်ဖက်ရည်ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ

စာမျက်နှာ ၁၂ ကော်လံ ၁ ❒